ရွှေကျင်ဆရာတော်-အုက်ဖိုရ်ဆရာတော်

နိဗ္ဗာန သင်္ခေပ ကထာ

နှင့်

စန္ဒ မဏ္ဍလ သုက္က စာတန်း

နိဗ္ဗာန်အလင်းပြကျမ်း

ဟံသာဝတီ

ရွှေကျင်ဆရာတော်-အုဂ်ဖိုရ်ဆရာတော်
မဟာထေရ်မြတ်ကြီးနှစ်ပါး
စီရင်တော်မူအပ်သော

နိဗ္ဗာနုသဖေ်ပကာထာ

နှင့်

စန္ဒမဏ္ဍလသုက္ကစာတန်း

နိဗ္ဗာန်အလင်းပြကျမ်း

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

၁၃၃၄-ခု၊ (သာသနာ-၂၅၁၆) ၁၉၇၂-ခု

H 603—1 [ဟံသာဝတီ]

နိဗ္ဗာနသင်္ခေပကထာ
နှင့်
နိဗ္ဗာန်အလင်းပြ
ပုံနှိပ်ခြင်း

ပထမအကြိမ် ၁၉၂၇-ခု၊

ဒုတိယအကြိမ် ၁၉၃၅-ခု၊

တတိယအကြိမ် ၁၉၇၂-ခု၊ မေလ

အုပ်ရေ (၁၀၀၀)

တအုပ် ၂-ကျပ်

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း၊
အမှတ် ၃၄၉-ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်တွင်
ဦးဘေဝင်း (မှတ်ပုံတင်အမှတ်၁၀၄၈၅/၀၀၀၄)က
ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံး ကာလာမောင်ဝင်းမှာ ရိုက်သည်)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ

နိဗ္ဗာနသခင်ပကထာ

၁။ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူး ၁၃

၂။ နိဗ္ဗာန်အကျဉ်းပြ ၂၁-ချက် ၁၇

၃။ နိဗ္ဗာန်သိမ်မွေ့စွာဖြစ်ပေါ်လာခြင်း ၂၆

၄။ နိဗ္ဗာန်၌မအိုမသေအာမြဲတည်နေရခြင်း ... ၂၇

၅။ မေတ္တာအာသိသ ၂၉

နိဗ္ဗာန်အလင်းပြကျမ်း

၆။ ဘုရားတရားဂုဏ်ကျေးဇူးမကုန်နိုင် ၃၈

၇။ နိဗ္ဗာန်ဂုဏ်ကျေးဇူးမကုန်နိုင် ၄၀

၈။ နိဗ္ဗာန် ၂-မျိုး ၄၂

၉။ မိလိန္ဒရှင်နာဂသိန် နိဗ္ဗာန် မေး-ဖြေ ၄၂

၁၀။ သစ်နှစ်ခုပွတ်ရာ မီးဖြစ်လာသည့်ပမာ.... ၄၄

၁၁။ စကြာမင်းမှာ ရတနာဖြစ်လာသည့်ပမာ ၄၅

၁၂။ အရောင်တလျှပ်လျှပ် နိဗ္ဗာနဓာတ် ၄၇

၁၃။ နိဗ္ဗာန်အလင်း ကွယ်နေခြင်း ၄၈

၁၄။ နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ ၄၉

၁၅။ မီး ၁၁-ပါး ငြိမ်းရာ သိဝမည်သော နိဗ္ဗာန် ၅၁

၁၆။ အထူးအဆန်း အံ့ဘွယ်
ဖြစ်ပေါ်လာသော နိဗ္ဗာန် ၅၂

၁၇။ နိဗ္ဗာန်ပြည်မြတ်ဟုခေါ်ဆိုအပ်ကြောင်း ၅၃

၁၈။ အရိယာတို့တည်ရန် မြို့နိဗ္ဗာန် ၅၅

၁၉။ နိဗ္ဗာန်ကိုမြို့ပြည်ဟုတင်းစားခေါ်ခြင်း.... ၅၆

၂၀။ ဘုရားရဟန္တာသေသည်ဟူ၍မဆိုရ ၅၈

၂၁။ နိဗ္ဗာန်ကိုအာရုံယူ၍ဖရိနိဗ္ဗာန်ပြုခြင်း ၅၉

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၂။	ရုပ်ဝိရာဂဘာဝနာ, နာမ်ဝိရာဂဘာဝနာ အမတနိဗ္ဗာန်	၆၂
၂၃။	ပရမတ္ထ ၅-ပါးမဟုတ် ၄-ပါးပင်	၆၄
၂၄။	နိဗ္ဗာန်၏ အစိန္တေယျဂုဏ်	၆၄
၂၅။	ဘုန်းကံရှိသူတို့သာမြင်ရသောနိဗ္ဗာန်	၆၈
၂၆။	နိမ္မိတရုပ်ပွား ဘုရားများကြွလာခြင်း....	၇၀
၂၇။	သာသနာပ သရဏဂုံဆောက်တည်ပုံ	၇၅
၂၈။	သရဏဂုံအကျဉ်းမှတ်ဖွယ်	၇၅
၂၉။	နိဂုံးပတ္ထနာ	၇၆

ရွှေကျင်ဆရာတော် အတ္ထုပ္ပတ်

ရွှေကျင်ဂိုဏ်းကြီး၏ အာဒိ ကမ္မိက ရွှေကျင်ဂိုဏ်းကို စတင်တည်ထောင်တော်မူသော ရွှေကျင် ဆရာတော်ကြီးမှာ ရွှေဘိုမြို့တောင်ဖက် လှတောကြီးငါးရွာအဝင် အပါရွှေကျင်ရွာတွင် သက္ကရာဇ် ၁၁၈၄–ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂–ရက် နေ့တွင်ဖွားမြင်၍ ငယ်မည်မှာ မောင်သန့်ဖြစ်သည်၊ ခမည်းတော် ဦးမောင်, မယ်တော် မယ်မိတို့ဖြစ်သည်။

ငယ်စဉ်က ရွှေကျင်ရွာ မဟာဗောဓိ ဆရာတော်ထံ အပ်နှံ၍ပညာသင်ကြားပြီး ၎င်းဆရာတော်ထံမှာပင် ရှင်သာမဏေဖြစ်သည်၊ အသက် ၁၅–နှစ်၌ ရွှေဘိုမြို့ ဝဏ်ပါ ဆရာတော်ထံ၌ ပညာဆက်လက်သင်ကြား၍ ၁၈-နှစ်အရွယ်တွင် သီးလုံးဆရာတော်ကြီးထံ ဆည်းစာပ်မိ၍ အဓိဋ္ဌာန်ဝါသိက တပည့်ရင်းဖြစ်သည်။

အသက် ၂၀–ပြည့်လျှင် ရွှေကျင်ရွာ ဆရာတော် ဦးဝရဗုဒ္ဓိထံ၌ ရဟန်းပြု၍ အမရပူရနေပြည် တော်ရှိ ကျောင်းကြီးသော ဆရာတော်များထံ ၈-နှစ် တိုင်တိုင် စာပေ သင်ကြား နည်းနိဿယ ခံယူခဲ့ပြီးနောက် မန်ကျည်းစဉ့်, ခေါ်တော, ရှမ်းမကားတောကျောင်းတို့၌ တပည့်သံဃာငါးဆယ်ကျော်တို့အား စာပေပို့ချလျက်နေသည်၊ မင်းတုန်းမင်း တရား ထီးနန်းတည်ထောင်ပြီး၍ ရွှေကျင်ဆရာတော် ၁၉-၀ါ အရတွင် မန္တလေး မြို့တော်သို့ ပင့်၍ ရွှေကျင်တိုက် ၅–တိုက် တည်ထောင်လှူဒါန်းသည်။

၁၂၃၀–ပြည့်နှစ်တွင် အားကာစက်နှင့် ဓမ္မစက်တွဲဖက်၍ အလုံ့ဒီပဲယင်းစသောမြို့တို့၌ ဂိုဏ်းချုပ်,ဂိုဏ်းအုပ်, ဂိုဏ်းထောက် အကြီး အကဲများ ခန့်ထား၍ ၁၂၃၃–ခုနှစ်၌မန္တလေးအရှေ့ပြင် မဟာဝိသုဒ္ဓါရာမစသော ၁၂-ရပ်သောတိုက်တို့၌ ဆရာတော်, စာချပုဂ္ဂိုလ်များ လွှဲအပ်ချီးမြှောက်တော်မူ၍ သာသနာပြုတော်မူသည်။

၁၂၃၉-၄၀-ခုနှစ်၌ သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်၊ ၁၂၄၀-ခုနှစ်၌ သီပေါမင်း ပင့်လျှောက်၍ မန္တလေးမြို့ရွှေကျောင်တိုက်သို့ ပြန်၍သီတင်းသုံးတော်မူစဉ် တောင်တော်ဆရာတော်နှင့် တွဲဖက်၍ ၉–၅ာနှစ်သာသနာပြုရပြန်သည်၊ မင်းတုန်းမင်းလှူသော ဘွဲ့တံဆိပ်ကိုရင်း, သီပေါမင်းလှူသော ဘွဲ့တံဆိပ် ကိုရင်းလက်ခံတော်မမူချေ။

၁၂၆၄–ခုသက်တော် ၆၄-နှစ်၌ မင်းကွန်း ငွေတောင် တောရသို့ထွက်၍ သီတင်းသုံးတော် မူစဉ် ၁၂၅၅–ခုတပေါင်းလဆုတ် ၇-ရက်နေ့ညဉ့် လစန်းပေါ်ချိန်၌ ပျံလွန်တော်မူသည်၊ ဆရာတော်ရေးသားပြုစုခဲ့သော ကျမ်းဂန်များမှာ နေတ္တိလီနတ္ထ သင်္ဂဟ, သီမာလင်္ကာရ ဝိနိစ္ဆယ စသော ကျမ်းပေါင်း ၃၆-ကျမ်းကျော်ဖြစ်သည်။

အုဂ်ဖိုရ်ဆရာတော်အတ္ထုပ္ပတ်

ဒွါရဝါဒီဂိုဏ်းတည် ပထမ ဒွါရဝါဒီ သာသနာပိုင်ကျေးဇူးသျှင်-အရှင် အုဂ်ဖိုရ်ဆရာတော်ကြီး၏ မွေး

ဘွားရာ အရပ်ဒေသမှာ သာယာဝတီခရိုင်သာရဝေါ တိုက်နယ် သာရဝေါမြို့မှမြောက် ၂-မိုင်ခန့် ကွာဝေးသော ရွာကလေးရွာပင် ဖြစ်လေသည်၊ ၎င်းရွာတွင် ဦးရွှေဘမ်းနှင့်ပထမဇနီးဒေါ်ရေးတို့ ရင်သွေး ရတနာဖြစ်သော ကျေးဇူးသျှင်ဆရာတော် အလောင်းလျာကလေးကို ၁၁၇၉-ခု တပေါင်း လဆန်း ၅-ရက် တနင်္ဂနွေနေ့တွင်ဘွားမြင်သည်။

ငယ်မည်မှာ မောင်ရွှေညွှန်း ဖြစ်သည်၊ ၁၅-နှစ်သားအရွယ်တွင် ရွာကလေးရွာနန်းဦးကျောင်း ဆရာတော် ဘိုးဇော်ဂျီထံရောက်၍ မကြာမြင့်မီပင် "ဥက္ကံစံသမာလာ"ဟူသောဘွဲ့အမည်ဖြင့် သာမဏေ ဘဝသို့ရောက် ရှိခဲ့လေသည်၊ဆရာတော် ဘိုးဇော်ဂျီသည် မိမိ၏တပည့်အား ဟင်္သာတမြို့ အင်းဝ အုဋ္ဌကျောင်း ဆရာတော် ဦးမဏိအထံ၌ ၂-ဝါ, သရက်မြို့တော ကျောင်းတိုက် အရှင်ကဝိနှင့် တိုက်အုပ်ဆရာတော် အရှင်ဇောတ ထေရ်တို့၏ အထံ၌ ၂-ဝါ, ရန်ကုန်မြို့ လောကမှန်ကင်း ကျောင်းတိုက် ဆရာတော်အရှင်မတိ မထေရ်အထံ၌ ၂-ဝါ ပရိယတ်, ပဋိပတ်တို့ကို လေ့လာ သင်ကြားစေခဲ့သည်။

၁၂၀၀-ပြည့် နှစ်ဦး၌ သာရဝေါသို့ပြန်၍ မန်ကျည်းတော ဆရာတော်ထံ၌ ရဟန်း ပြုပြီးလျှင် မန်ကျည်းတောဆရာတော်နှင့် ခနဲဖြူမြို့ရွှေဂူဆရာတော်တို့ထံ၌ ပညာဆက်လက်သင်ကြားရာ ရဟန်းသိက္ခာ ၄-ဝါ ရရှိခဲ့လေသည်၊ ၎င်းနောက် ၁၂၀၄-ခုနှစ်တွင် အမရ

ပူရသို့ကြွ၍ ဒုတိယဗားကရာဆရာတော်နှင့် တတိယ မြသိန်းတန်ဆရာတော်တို့ထံ၌ ၄-နှစ်စီ နေထိုင်လျက် ပရိယတ်၊ ပဋိပတ်တို့ကိုနည်းခံယူပြန်လေသည်။

ထိုနောက် ၁၂၁၁· ခုနှစ် တန်ဆောင်မုန်း လဆောက်မှစ၍ စစ်ကိုင်းထူပါရုံ ဆရာတော်အရှင်ပညာရမ္မထေရ်၏ အထံ၌ရင်း၊ ရာဇာပူရ နေပြည်တော်ဟောင်း အင်းဝရွာအနီး လက်ဆောင်ယူရွာမလယ် တောရဆရာတော် အရှင်ဥတ္တမထေရ်၏ အထံ၌ရင်း ပရိယတ်၊ ပဋိပတ် နည်းများကို ခံယူရန် ၄-လစီခန့် နေထိုင်ခဲ့ပြန်သည်။

ထိုနောက်မှသာရဝေါတိုက်နယ်သို့ကြွရောက်လျက် ရွာကလေးရွာ၏ တောင်ဘက် ဆွဲမျိုးများ ဆောက်လုပ်အပ်သော ယာယီ ဝါးပိုးဝါး ကျောင်းဆောင်၌ ၁၂၁၂-ခုနှစ်တွင် ဝါဆို၍ရင်းနှစ်မှာပင် သာရဝေါ ကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး နိယာမသာရဒီပနီ၊ သုရာပါနဝိနိစ္ဆယစသော ကျမ်းပေါင်း-၈၀-ကျော်ကို ရေးသားပြုစုကာရာမညတိုင်း၌ ၃၄-နှစ်တိုင်တိုင် ဒွါရဝါဒီနိကာယကြီး၏ တိုးတက် စည်ပင်ရေး၊ သာသနာတော်ကြီးပွားရေးစသော လုပ်ငန်းများကို ကြိုးပမ်း အားထုတ်တော်မူရင်း ၁၂၆၇-ခု တပေါင်း လဆုတ် ၂-ရက် တနင်္ဂနွေနေ့ နံနက် ၁၀-နာရီ အချိန်တွင် ပျံလွန်တော်မူလေသည်။

ရွှေကျင်ဆရာတော်

နိဗ္ဗာန သင်္ခေပကထာ

နှင့်

နိဗ္ဗုတိကထာ

နိဒါန်း

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ရဟန်းရှင်လူ အပေါင်းတို့ အလေးအမြတ် အားကိုး အားထား ပြုကြသော လောကုတ္တရာတရား ကိုးပါးတို့တွင် အမြင့်မြတ်ဆုံး အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်တရားတော်မြတ်သည် အလွန်နက်နဲ သိမ်မွေ့ ထူးကဲဆန်းကြယ် လှသော တရားတော်ဖြစ်ပါ၏၊ သို့သော်လည်း "ငင်းနိဗ္ဗာန် တရားသည် စကားသာ ရှိ၍ အသားထင်ရှား မရှိ၊ နိဗ္ဗာန်ရောက်သူတို့လည်း ပျောက်ပျက်၍ အချည်းနှီး ရောက်၍ ကုန်သွားလေတော့သည်သာ" ဟု လွန်စွာ အဟောအပြော များကြပါသောကြောင့် နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အထူးမသိနိုင်ကြဖြစ်သဖြင့် နိဗ္ဗာန်ကို ရလိုသူများ အလွန်ရှားပါးရုံမက "ယင်းသို့ အဘာဝ တုစ္ဆ ရိတ္တ အဖြစ်သို့ ရောက်၍ သွားသော နိဗ္ဗာန်ကို ငါတို့မလိုချင်" ဟု အတွင်ပြောကြားသော သူတို့အား လည်းကောင်း၊

"နိဗ္ဗာန်ရောက်သူတို့ ရုပ်နာမ်ပျောက်ရုံမက အလုံး စုံ အစဉ်သန္တာန် ပျောက်သဖြင့် ဥစ္ဆိန္နဖြစ်၍ သွားလေ တော့သည်" ဟုဥစ္ဆေဒဝါဒမကင်း သို့လား သို့လား သံသယ မရှင်း နိုင်သော သူတို့ အားလည်းကောင်း သိနားလည်စေခြင်းအကျိုး၊ ယင်းသို့ နိဗ္ဗာန်၏အခြင်း အရာ, နိဗ္ဗာန်ရောက်သူတို့ အခြင်းအရာကို ပြဆိုသော ပါဠိတော်, အဋ္ဌကထာ,ဋီကာ အရပ်ရပ်တို့၏ အလွန် ကွယ်ဝှက်သော အနက်အဓိပ္ပါယ်များကို ဟုတ်တိုင်း မှန်စွာ နေရာတကျ ထုတ်ဘော်ပြသသဖြင့် ရှုကြည့်

သိမြင်ရခြင်း ပရိယတ္တိသာသနာတော်အကျိုး၊ ယင်းသို့ နိဗ္ဗာန်၏ဂုဏ်, နိဗ္ဗာန်ရောက်သူ တို့၏ဂုဏ် အလုံးစုံကို အမှန်သိရ သဖြင့် နိဗ္ဗာန် ရောက်အောင် အားထုတ်ရခြင်း ပဋိပတ္တိ သာသနာတော် အကျိုး၊ ယင်းသို့ အားထုတ်သဖြင့် နိဗ္ဗာန်ရောက်သူတို့ ပေါများခြင်း ပဋိဝေဓသာသနာတော် အကျိုး၊ ယင်းသို့ ပရိယတ္တိ သာသနာတော်, ပဋိပတ္တိသာသနာတော်, ပဋိဝေဓ သာသနာတော် အကျိုး ၃-ပါး တိုးပွား ဖြစ်ထွန်း စေခြင်းကို ရည်သန်တော်မူ၍—

ပဉ္စမသင်္ဂါယနာဟောင်း ဘဝရှင်မင်းတုန်းမင်း တရားကြီး လက်ထက်တွင် ဘုရင်မင်းမြတ်နှင့် တကွ မင်း, မိဖုရား, မှူးမတ်, သေနာပတိမှစ၍ တိုင်းသူ ပြည်သားတို့ပါ ကိုးကွယ် ဆည်းကပ်ခြင်း ခံရ၍ အကျင့်သီလ သိက္ခာသမာဓိနှင့် ပြည့်စုံသော ဖင်းကွန်း ခင်ဖောင် တောရပဌမ္မဆွေကျော်ဆရာတော်ဘုရားကြီးသည် အလွန် တရာနက်နဲခက်ခဲလှစွာသော နိဗ္ဗာန်၏အကြောင်းခြင်း ရာကို ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု, လက်သန်း ကျမ်းအစဝတို့ဖြင့် ကျနစွာ ဘော်ပြစီရင် ရေးသား ထားတော်မူသော "ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတဒီပနီ ကျမ်းကြီး" ရှိပါသည်၊ ၎င်းကျမ်းကြီးတွင် ပါရှိသော သခေ်ပကထာ, ဝိတ္ထာရကထာ နှစ်ခန်းလုံးမှ နိဂုံးချုပ် အရည်စစ် ဝိသေသအားဖြင့် နှုတ်ကောက်ယူအပ်သော အလွန်ထူးဆန်းသော နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်သူတို့၏ အခြင်းအရာ အချက်ပေါင်းများစွာတို့ကို ကျမ်းအဆုံး တွင် ပါဠိပါဌ်သား နားမလည်သူ တို့နှင့် အကျယ်

မလိုက် အကျဉ်းကြိုက်ကြသူတို့ အကျိုးငှာ မြန်မာစကားပြေသက်သက်ဖြင့် နိဂုံးချုပ်ကောက်နုတ် စီရင်ရေးသားတော်မူပါသည်။

၎င်းရေးသားထားသော နိဗ္ဗာန်၏ အခြင်းအရာနှင့် နိဗ္ဗာန်ရောက်သူတို့၏ အခြင်းအရာကို ပြဆိုသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အရပ်ရပ်တို့ကို ကျမ်းတတ်ကဝိပညာရှိ ရဟန်းရှင်လူ အပေါင်းတို့သည် အကျယ်အားဖြင့် သိလိုတော်မူပါလျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ လက်သာန်း ကျမ်းပေါင်း ၉၀-ကျော်ကို ကိုးကား၍ ပဌမ ရွှေကျင် ဆရာတော် ဘုရားကြီးသည် ချာကျနစွာ ကာလရှည်ကြာ အခါခါမွှေနှောက်ထက်အောက်ပြန်ပြန် အဟန်တန် စူးစမ်း တကျမ်းနှင့်တကျမ်း နှိုးနှော၍ ဘုရား အလိုတော် အတိုင်း စီရင်ဆုံးဖြတ်ရေးသားထားသော ၎င်း "ဂမ္ဘီရ ဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်းကြီး"တွင် ကြည့်ရှုနိုင်ပါကြောင်း၊ ၎င်း မင်းကွန်းငွေတောင်တောရ ပဌမ-ရွှေကျင်ဆရာတော် ဘုရားကြီးရေးသားသော "ဂမ္ဘီရ ဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်းကြီးတွင်ဖေါ်ပြထားသော သခေ်ပကထာ၊ ဝိတ္ထာရကထာနှစ်ခန်းလုံးမှနိဂုံးချုပ် အရည်စစ်အဆီညှစ်ရအပ်သော နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်သူတို့၏ အခြင်း အရာ စကားပြေသက်သက် အကျဉ်းအမြွက်ကောက်နုတ်ချက်များဖြစ်သည့် နိဗ္ဗာနသခေ်ပကထာနှင့် နိဗ္ဗုတိကထာဤနှစ်ဖြာကိုလွယ်လင့်တကူကောက်ယူကြည့်ရှုမှတ်သားနိုင်ရန်အလို့ငှာ တတိယအကြိမ်ထပ်မံရိုက်နှိပ်အပ်သည် ဖြစ်ပါကြောင်း။

နိဗ္ဗာနသင်္ခေပကထာ
နိဗ္ဗုတိကထာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

နိဗ္ဗာန်၏ဂုဏ်ကျေးဇူး

၁။ အသင်္ခတံ အနတံ အနာသဝံ၊
သစ္စဉ္စ ပါရံ နိပုဏံ သုဒုဒ္ဒသံ။
အဇဇ္ဇရန္တံ ဓုဝံ အပလောကိနံ၊
အနိဒဿနံ နိပ္ပပဉ္စံ သန္တံ။ ။

၂။ အမတံ ပဏီတံ သိဝဉ္စ ခေမံ၊
တဏှာက္ခယော အစ္ဆရိယံ အဗ္ဘုတံ။
အနီတိကံ အနီတိကဓမ္မံ၊
နိဗ္ဗာနမေတံ သုဂတေန ဒေသိတံ။

H 603—2 [ဟံသာဝတီ]

၃။ အဗျာပဇ္ဇော ဝိရာဂေါ စ၊
သုဒ္ဓိ မုတ္တိ အနာလယံ။
ဒီပံ လေဏဉ္စ တာဏဉ္စ၊
သရဏဉ္စ ပရာယဏန္တိ။ ။

[နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကိုပြသော သဠာယတနသံယုတ် ပါဠိတော်။]

၁။ အသင်္ခတံ၊ မူလရင်းက သင်္ခတပင် ဖြစ်သော်လည်း အလွန်သိမ်မွေ့လှသဖြင့် သင်္ခတဟု သိကြောင်း မှတ်ကြောင်း လက္ခဏာမှ ကင်း၍ နေထသော။ (“န သင်္ခတံ သင်္ခတလက္ခဏရဟိတန္တိ အသင်္ခတံ” ဟူသော သဠာယတနသံယုတ် အဋ္ဌကထာနှင့် အညီတည်း။) အနတံ၊ ဒုက္ခစိုက်ပျိုး တဏှာမျိုးတို့ မတိုးမညှပ် မလာနိုင်ရာလည်းဖြစ်ထသော။ အနာသဝံ၊ ရေပြိတ္တာ သားရေကို ခါခါဖြစ်စေတတ်သည်ဖြစ်၍ ကြောက်အပ်လှစွာ တဏှာဒိဋ္ဌိစသော အာသဝေါညစ်ဆိုး တရားမျိုးတို့ မတိုက်ချိုးနိုင်ရာ ဖြစ်ထသော။ သစ္စဉ္စ။ နိဗ္ဗာန်ဟူသောအမည်နာမ စကားမျှသာမဟုတ် နိဗ္ဗာန်ဟူသော အမည်ရှိသည်အားလျော်စွာ ငြိမ်းခြင်း ပရမတ္ထသဘောအားဖြင့် တကယ်မှန်ကြီး မှန်သည့်လည်း ဖြစ်ထသော။ ပါရံ၊ ခန္ဓာကိုယ်ဆိုး ဒုက္ခအိုး၏ ပြင်ဘက် ဝဋ်ဆင်းရဲရေအယဉ်မှထွက်မြောက်ရာ ကမ်းဝ ကမ်းထိပ်ကြီးလည်း ဖြစ်ထသော။ နိပုဏံ၊ အထည်ဒြပ် ဥပါဒ်မထင်သည်ဖြစ်၍ အလွန် သိမ်မွေ့စွာထသော။ သုဒုဒ္ဒသံ၊ ပညာဉာဏ်ဖြင့်သော်လည်း နှိုင်းချင့်သောက်ဆ သိမြင်ရနိုင်စရာလွန်စွာခဲယဉ်းထသော။ အဇဇ္ဇရန္တိ၊

ငြိမ်းခြင်း သဘောအားဖြင့် ပေါ်လာပြီးနောက် ဘယ်လောက်ပင်ကြာသော်လည်း ဘယ်သည့်ကာလမှ ရင့်အိုပျက်စီးခြင်းလည်းမရှိနိုင်ထသော။ (ဇဇ္ဇရသဒ္ဒါ-ဆွေးမြေ့ရင့်အိုခြင်း အနက်၊ အန္တသဒ္ဒါ-ပျက်စီးခြင်း အနက်ဟု ခွဲ၍မှတ်။) တနည်းကား—အဇဇ္ဇရံ၊ ငြိမ်းခြင်း သီတိဘာဝ သဘာဝအားဖြင့် ပေါ်လာပြီး နောက် ကမ္ဘာပျက်မီး ကမ္ဘာပျက်လေကြီး ရေကြီး တို့ဖြင့်သော်လည်း ဘောက်ပြန် တုန်လှုပ်ခြင်းမရှိ ပကတိ မြဲမြံစွာ တည်နေထသော။ (အန္တပုဒ်မှာ တဗ္ဘာဝတ္ထ။) အပလောကိနံ၊ ငြိမ်းခြင်းသဘော ဖြစ် ပေါ်လာပြီးနောက် ဘယ်သည့်ကာလမှ အဘယ် တစုံ တခုကြောင့် ပျက်စီးခြင်း မရှိထသော။ အနိဒဿနံ၊ နတ်မျက်စိဖြင့် သော်လည်း စက္ခုဝိညာဏ်ဖြင့် မမြင် စကောင်းထသော။ နိပ္ပပဉ္စံ၊ အိုပြန်နာရ သေရဆင်းရဲ ဘောက်လဲခါခါ သံသရာကို ချဲ့ထွင်တတ်သူ တဏှာ မာန ဒိဋ္ဌိတို့ မပြုမလာနိုင်ရာဖြစ်ထသော။ သန္တံ၊ တဆဲ့ တသီး မီးကြီးငြိမ်းရာလည်းဖြစ်ထသော။

၂။ အမတံ၊ မိမိထံ တည်ရောက်လာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ မအို မသေအမြဲကည်စံနေရာဖြစ်ထသော။ ပဏီတံ၊ မြင်ရရောက်ရသူတို့ မရောင့်ရဲနိုင်ဘဲ တကယ် လွန်မြတ်တော်မူထသော။ သိဝံ၊ ကြီးမြတ်သောဂုဏ် ကြက်သရေ ရှိတော်မူထသော။ ခေမံ၊ ဘေးခပ်သိမ်း ကုန်ငြိမ်း ကင်းဝေးရာလည်း ဖြစ်ထသော။ တဏှာက္ခယော၊ ဘေးကိုပြုတတ် ကြောက်အပ်လှစွာ ခြောက် တဏှာတို့၏ ကုန်ရာကုန်ကြောင်းလည်း ဖြစ်ထသော။

အစ္ဆရိယံ၊ဒါန သီလ ဘာဝနာ စသော အကြောင်း တရားတို့နှင့် မကင်းသော်လည်း ယင်းအကြောင်း တရားတို့ကြောင့် ဖြစ်ပုံ သင်္ခတနိမိတ် အရိပ် မထွက် ယင်းသင်္ခတပုံဟန်နှင့် အလွန်ဝေးကွာ လွန်စွာထူး ခြားသည် ဖြစ်၍ အလွန် အံ့ဘွယ်သရဲ အံ့အဲ စလောက် ဖြစ်တော်မူပေထသော။ အဗ္ဘုတံ၊ တရံ တဆစ် မဖြစ်ဘူးသေးဘဲ တခါထဲသာ ဖြစ်လာပြီး နောက် မပျောက်မပျက် အမြဲတည်နေ သည်လည်း ဖြစ်ထသော။ အနီတိကံ၊ အလုံးစုံဆင်းရဲ ဘေးဒဏ် ဟူသမျှ ဘယ်ဟာတခုမျှ မရှိထသော။ အနီတိကဓမ္မံ၊ ဆင်းရဲရှိသော သဘောမျိုးမှ ဆန့်ကျင် ဘက်ကြီး ဖြစ်၍ နေထသော။ ဇေတံ–ဧတာဒိသံ၊ ဤသို့သဘော ရှိသော တရားထူး တရားမြတ်ကို။ နိဗ္ဗာနံ၊ နိဗ္ဗာန် ဟူ၍။ သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်ပြီ။

၃။ သောခမေ့ွ၊ ထိုနိဗ္ဗာန် တရားသည်။ အဗျာ ပဇ္ဇောစ၊ဘေးရန်တွက်တာ ဘယ်ဟာတခုမျှ ကြောင့် ကြစရာ မရှိသည်လည်း ဖြစ်၏။ ဝိဇာဂေါစ၊ဘေးရန် ဖြစ်ကြောင်း ရာဂအပေါင်းမှ ကောင်းတောင်းကြီး ကင်းဝေးရာလည်း ဖြစ်၏။ သုဒ္ဓိစ၊ ဘေးရန်လာဘွယ် အညှယ်သွယ်သော အညစ် အကြေးမှ ကင်းဝေး စင်ကြယ်သည်လည်း ဖြစ်၏။ မုတ္တိစ၊ ဘေးရန်ထူထပ် ဘုံသုံးရပ်တို့မှ လုံလုံကြီး လွတ်ရာလည်း ဖြစ်၏။အနာ လယံ၊ အလိုလိုဝ အလုံးစုံလှသဖြင့် ဘယ်ဟာတခုမျှ မတောင့်တရာလည်း ဖြစ်၏။ ဒီပံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်

တို့၏ ပုန်းအောင်းရာ တည်ရာ ကျွန်းကြီး သဘွယ် လည်း ဖြစ်၏။ လေဏံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ဘေးမှ လွတ်ကြောင်း ပုန်းအောင်း ခိုနေရာလည်း မှန်၏။ တာဏံ၊ မိမိ၌ တည်ရောက်လာသူ ပရိနိဗ္ဗုတပုဂ္ဂိုလ် တို့အား ဘေးမလာရအောင် တကယ်စောင့်ရှောက် နိုင်သည်လည်း ဖြစ်၏။ သရဏဥ၊ မိမိထံခိုမှီးလာသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်၌ ဘေးမဆိုက်ရအောင်ဘေးတကာကို ကောင်းစွာဖျက်ဆီး တတ်သည်လည်း ဖြစ်၏။ ပရာ ယဏံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ အလွန်အကဲတည်နေရာ လည်းလျောင်းရာလည်း ဖြစ်၏။ ဝါ၊ ဘေးကိုကြောက် သူ ပုဂ္ဂိုလ်ဖြူ တို့၏ တကယ်ဘေးမှ လွတ်ကြောင်း ကောင်းကောင်းကြီး လည်းလျောင်းတည်နေရာလည်း စင်စစ်မှန်၏။

ဤကား သဒ္ဓါတရား လျင်လျားထက်မြတ်ကြသူ ပုဂ္ဂိုလ်ဖြူတို့ နှုတ်ဘက်အာဂုမ်ဆောင်ရွက်၍ နိဗ္ဗာန် ဂုဏ်ကို အလွန်ယုံကြည် နှစ်သက်ကြ စေခြင်းငှါ ၎င်း, ယင်းသို့ ယုံကြည်သဖြင့်သည်း ယင်းနိဗ္ဗာန်ကို မြန်မြန်ရအောင် အားထုတ်နိုင်ကြ စေခြင်းငှာ ၎င်း အဌကထာကိုမှီးသဖြင့် ကောင်းကောင်းကြီး ထုတ် ဆောင်ရေးသား အပ်သော ယခင်အသခ်တ သံယုတ် ပါဠိတော် အနက်တည်း။

နိဗ္ဗာန်အကျဉ်းပြ ၂၁-ချက်

၁။ နိဗ္ဗာန် ဟူသည် ရုပ် နာမ် ခန္ဓာ ကွယ်ချုပ် ပျောက်ပျက်၍သွားသော အဘာဝမျှမဟုတ်၊

ယင်း ရုပ်နာမ်ကွယ်ချုပ်သည့်အဆုံး၌ ဖြစ်ပေါ်လာသော အလုံးစုံသော ဘေးအပေါင်းတို့မှ တပေါင်းတည်း ငြိမ်းခြင်း "ပရိနိဗ္ဗာဃန သီတိဘာဝ"သဘောအားဖြင့် ထင်ရှားကောန်ရှိသည်။

၂။ နိဗ္ဗာန်ဟူသည် အချို့လူ မသိလှသူတို့ မှတ်ထင်ကြသည်အတိုင်း လူ့ပြည်, နတ်ပြည်များကဲ့သို့ အလွတ်သက်သက်၌ သတ္တဝါ အများရောက်သွားရာအားဖြင့် ထာဝရဖြစ်နေသော ဘုံဌာန် မဟုတ်၊ ရဟန္တာ ပုဂ္ဂိုလ်တို့ စုတိကျရောက်သည်အဆုံး၌ ထိုရဟန္တာတို့ စုတိရာအရပ်တွင်ပင် ထိုရဟန္တာတို့ ပုန်းအောင်းရာတည်နေရာဘုံဌာ ထိုခဏခြင်းဝင်းဝင်းတောက် အရောင်နှင့်တကွ ထင်ရှားပေါ်လာသည်။

၃။ စုတိကျရောက် သွားသော ရဟန္တာ ပုဂ္ဂိုလ်တို့လည်း အသီးအသီး မိမိတို့ထံဝယ် ဖြစ်ပေါ်လာသော ယင်းနိဗ္ဗာန်ရတနာ ထူးမြတ်စွာ၌ ဘယ်သည့်ကာလမှ ဘုံတပါးသို့ ရွှေ့သွားခြင်းမရှိ၊ ယင်း နိဗ္ဗာန်ရတနာ ဘုံမြတ်စွာ၌သာ အမြဲတည်နေကြရသည်။

၄။ ယင်း နိဗ္ဗာန်၏ နိစ္စ ဓုဝ သဿတ ဆိုရာ၌လည်း အစမရှိ ကမ္ဘာကမ္ဘာ အကြောင်း ကင်း၍ အစဉ်ထာဝရ ဖြစ်နေသည်ကို နိစ္စ ဓုဝ သဿတ မဆိုလို၊ ရဟန္တာတို့ စုတိနောက်တွင် ထိုရဟန္တာ

အသျှင်တို့ ပုန်းအောင်းရာ တည်ရာအားဖြင့် ဖြစ်ပေါ်လာသည်မှုစ၍ ဘယ်သည် ကာလမှ ပျောက်ပျက်ခြင်းမရှိ အမြဲတည်နေသည်ကို "နိစ္စ ဓုဝ သဿတ" ဆိုသည်။

၅။ စကြာမင်းကြီးက စကြာရတနာထံ သွားရသည်မဟုတ်၊ စကြာမင်းကြီး၏ ကုသိုလ်ဘုန်းကံကြောင့်သာ ထိုစကြာရတနာ ထိုခဏခြင်း ဖြစ်ပေါ်လာ၍ ထိုမင်းကြီးထံ ရောက်လာသကဲ့သို့ ထိုစုတိကျရောက်သော ပရိနိဗ္ဗုတ္တရဟန္တာ ပုဂ္ဂိုလ်၏ ပါရမီ ဘုန်းကံ အစွမ်းကြောင့်သာ ထိုရဟန္တာ ပုဂ္ဂိုလ် တည်စံရာ ထိုခဏခြင်း ယင်း နိဗ္ဗာန်ရတနာ ဆိုက်ရောက်ဖြစ်ပေါ်လာသည်။

၆။ ယင်း နိဗ္ဗာန်ကို အပ္ပစ္စယဆိုရာ၌ လုံးလုံးနိဗ္ဗာန်ရမည့်သူ ဆည်းပူးအပ်သော ပါရမီအကြောင်းကင်း၍ ဖြစ်သောကြောင့် ယင်း နိဗ္ဗာန်ကို အပ္ပစ္စယဆိုသည် မဟုတ်၊ ထိုနိဗ္ဗာန်ပေါ်လာကြောင်း ပါရမီအပေါင်း များစွာရှိပါသော်လည်း ထိုအကြောင်း များစွာ တို့သည် ထိုရဟန္တာပုဂ္ဂိုလ် စုတိခန္ဓာ ရောက်ရုံ မျှသာ လိုက်နိုင်ကြ၍ စုတိနောက် ပရိနိဗ္ဗုတပုဂ္ဂိုလ် အဖြစ်သို့ ရောက်သဖြင့် နိဗ္ဗာန်ရတနာ ပေါ်လာသည်တိုင်အောင် မလိုက်နိုင်သောကြောင့် ထိုနိဗ္ဗာန်ဟူသော အကျိုးတရားသည် ထိုမိမိ အကြောင်းရင်း တရားတို့နှင့် မစပ်မယှက်

သက်သက်တည်နေသည်ကို ရည်၍သာ ယင်း နိဗ္ဗာန်ကို "အပ္ပစ္စယ ကောဝလ" ဆိုရသည်။

၇။ ဤအတူ ယင်းနိဗ္ဗာန်ကို အသင်္ခတ ဆိုရာ၌လည်း ထို ရဟန္တာ ပုဂ္ဂိုလ်၏ ပါရမီ အကြောင်းရင်းကံ တို့သည် ထို နိဗ္ဗာန်အား လုံးလုံးကြီး မပြုပြင်အပ် ဆိုလိုသည် မဟုတ်၊ ထိုပါရမီ အကြောင်းရင်း ကုသိုလ် သတ္တိဗလ တို့သည် ထိုရဟန္တာပုဂ္ဂိုလ် စုတိကျရုံလောက် မျှသာ လိုက်နိုင်၍ ထိုရဟန္တာပုဂ္ဂိုလ် စုတိခန္ဓာ နောက် နိဗ္ဗာန်ရတနာ ဖြစ်ပေါ်လာအောင် မရှိသဖြင့် ထိုအကြောင်း ပါရမီတို့သည် ထို နိဗ္ဗာန်သို့ ထိထိခိုက်ခိုက်ရောက်၍ ကျေးဇူးမပြုနိုင်သည်ကိုသာရည်၍ထိုနိဗ္ဗာန်ကို "အသင်္ခတ" ဆိုရသည်။

၈။ တနည်းလည်း- ယင်း နိဗ္ဗာန်ကို အကြောင်း များစွာတို့ ပြုပြင်အပ်သော်လည်း ရုန့်ကြမ်းစွာ ဥပါဒ်ဒြပ် ပေါ်လာအောင် မပြုပြင် နိုင်သည် ဖြစ်၍ ပြုပြင်အပ်သော်လည်း ပြုပြင် အပ်ရာ မထင်၊ သင်္ခတ အရိပ်နိမိတ် လက္ခဏာ ကင်း၍ နေသောကြောင့် ယင်းနိဗ္ဗာန်ကို "အသင်္ခတ" ဆိုရသည်။

၉။ ယင်းနိဗ္ဗာန်ကို "အဇာတ" ဆိုရာ၌လည်း ဥပါဒ် ဒြပ်အားဖြင့် ရုန့်ကြမ်းစွာ မဖြစ်သည်ကိုသာ ရည်၍ အဇာတ ဆိုသည်၊ စင်စစ် လုံးလုံး မဖြစ်

သောကြောင့် အဇ္ဈတ္တ ဆိုသည်မဟုတ်၊ ဥမင် လိုဏ်ဂူကြီး တူးပြီးအဆုံး မြေကြီးလုံးလုံး ကုန် သည့်အခါ ဝိဝရာကာသဟူသောကောင်းကင် ဟင်းလင်း ဥပါဒ်ဒြဗ်ကင်းလျက် ဖြစ်ပေါ်လာ သော နည်းမျိုးဖြင့် ရဟန္တာပုဂ္ဂိုလ် ရုပ်နာမ် ခန္ဓာကုန်သည့်အဆုံးတွင် ယင်းနိဗ္ဗာန် ရတနာ ၏ ရုန့်ကြမ်းစွာသော ဥပါဒ်ကင်းလျက်အလွန် သိမ်မွေ့လှစွာ ဖြစ်ပေါ်လာသည်။

၁၀။ ပုထုဇန်,သေက္ခ ပုဂ္ဂိုလ်တို့ စုတိ အခြားမဲ့၌ တစဉ် တစပ်တည်း စပ်၍ ပဋိသန္ဓေ စိတ္တုပ္ပါဒ် ဖြစ်လာသကဲ့သို့ ရဟန္တာပုဂ္ဂိုလ် စုတိအခြားမဲ့ ၌ တစဉ်တည်း တစပ်တည်း စပ်၍ယင်းနိဗ္ဗာန် ဟူသော သဘောတရား ဖြစ်ပေါ်လာသည်။

၁၁။ ပုထုဇန်, သေက္ခပုဂ္ဂိုလ်တို့ စုတိစိတ်သည် ပဋိ သန္ဓေစိတ်အား အနန္တရပစ္စည်း တပ်သကဲ့သို့ ရဟန္တာတို့ စုတိစိတ်သည် နိဗ္ဗာန်အား သခ်တ အသခ်တ ဇာတ်မတူသည် ဖြစ်၍ အနန္တရ ပစ္စည်း မတပ်သည်တမည်မျှသာ၊ ထိုရဟန္တာ ပုဂ္ဂိုလ်စုတိစိတ်နှင့်တစဉ်တည်းတစပ်တည်းပင် ယင်းနိဗ္ဗာန်ဟူသော ပရမတ္ထတရား ထင်ရှား ဖြစ်ပေါ်လာသည် အမှန်။

၁၂။ အရဟတ္တဖိုလ်ဟူသော သဉပါဒိသေသနိဗ္ဗာန် ကို ထိုအရဟတ္တဖိုလ် ရကြသူတို့အားလျော်စွာ သူ၏ အရဟတ္တဖိုလ်, ငါ၏ အရဟတ္တဖိုလ် ဆို

အပ်ဆည်နှင့်အတူ ထိုအသခ်တခေတ်ဟူသော အနုပါဒိသေသ နိဗ္ဗာန်ကိုလည်း သူ၏ နိဗ္ဗာန်, ငါ၏ နိဗ္ဗာန်ဟု စင်စစ်ဆိုထိုက်သည်။

၁၃။ စုတိကျရောက်သော ရဟန္တာပုဂ္ဂိုလ် ဟူသမျှ မိမိတို့ဘုန်းကံကြောင့် မိမိတို့စံနေစရာဖြစ်ပေါ်လာသော ထိုနိဗ္ဗာန်ရထနာ၌ မပျောက်မပျက် မအိုမသေ အမြဲ တည်စံ နေကြသည်။

၁၄။ ထိုရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီးနောက် ရုပါဒိသခ်ါဝိမုတ္တပုဂ္ဂိုလ်အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌ အမြဲ တည်ရောက်၍ နေသည်ကို အကြောင်းပြုသဖြင့် ထိုပရိနိဗ္ဗုတ ရဟန္တာ ပုဂ္ဂိုလ်တို့ အလုံးစုံပြတ်တောက် ဥစ္ဆိန္နအဖြစ်သို့ ရောက်သည် မဆိုရ။

၁၅။ အကယ်၍ ရဟန္တာပုဂ္ဂိုလ်တို့ စုတိပြီး နောက် အလျှင်း ကွယ်ပျောက် ပြတ်တောက်၍ သွားသည်ဆိုခဲ့လျှင် ထိုရဟန္တာတို့ နိဗ္ဗာန်ရောက်သွားသည် မဟုတ်၊ ထိုရဟန္တာတို့ မအိုမသေ အမြဲနေရာ နိဗ္ဗာန်နှင့်အဒဝးကြီးအလုံးစုံအပြီးသတ် ပြတ်တောက်၍ သွားလေတော့သည်ဟု ရဟန္တာ ပုဂ္ဂိုလ် တို့အား ကဲ့ရဲ့ခြင်းနှင့် တကွ ဥစ္ဆေဒဒိဋ္ဌိ ဝါဒ လုလုကြီး ဖြစ်တော့မည် အမှန်။

၁၆။ ထိုရဟန္တာ ပုဂ္ဂိုလ်တို့ စုတိပြီးနောက် ရူပါဒိသခ်ါဝိမုတ္တပုဂ္ဂိုလ်အဖြစ်ဖြင့် ထိုနိဗ္ဗာန်၌ တည်နေသည့်အခါ ယင်းရုပါဒိသခ်ါဝိမုတ္တအဖြစ်၌

တည်သော ယင်းပရိ နိဗ္ဗုတ ပုဂ္ဂိုလ် တို့၏ အဘယ်မျှ လောက်သော ဂုဏ်ရှိသည်ဟု ဝေနေယျ ဉာဏ်ဖြင့် မပိုင်းခြား နိုင်အောင် ဂုဏ်အားဖြင့် အလွန် နက်နဲခြင်း, ထိုပုဂ္ဂိုလ် ထို နိဗ္ဗာန်၌ အတ္ထိ နတ္ထိ–စသည်ဆို၍ မသင့်နိုင် မလျော် နိုင်အောင် ဒိဋ္ဌဗျာသယ အရာအားဖြင့် အလွန် နက်နဲခြင်း၊ ဤသို့ နက်နဲခြင်း နှစ်ပါး တို့ဖြင့် လွန်စွာ နက်နဲ၍ နေတော်မူကြသည်။

၁၇။ ယင်းပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ယင်းနိဗ္ဗာန်၌ တည်ရောက်၍ နေသည့်အခါ သတ္တဝါ ခေါ်ဝေါ်ကြောင်း ရုပ်နာမ်မှ လွတ်၍နေသဖြင့် ယင်း ရုပ်နာမ်ကို စွဲ၍ဖြစ်သော လူဟူသော, နတ်ဟူသော, မင်းပုဏ္ဏား ဟူသော, ဘုရားပစ္စေကဗုဒ္ဓါဟူသော ဤသို့အစရှိသော ပညတ်မျိုးဖြင့် မခေါ်ဆိုထိုက်သည်တမည်မျှသာ၊ထိုပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ ထိုမအိုမသေ အမြဲတည်နေရာ ဂမ္ဘီရ နိဗ္ဗာန်၌ မွေပျောက်မပျက် မအိုမသေ အမြဲ တည်စံနေကြရသည်။

၁၈။ ထို စုတိကျရောက်သော, ရဟန္တာပုဂ္ဂိုလ်ဟူက အရပ် ဆယ်မျက်နှာ ၌ပင် ဖြစ်သင့်သော ကြောင့် နိဗ္ဗာန်ဟူ ကလည်း ယင်း စုတိ ကျရောက်သော ပရိနိဗ္ဗုတ္တ ရဟန္တာတို့ ရှိရာ ထိုရဟန္တာပုဂ္ဂိုလ်တို့နှင့် စပ်၍သာ ပေါ်လာ

ရသည် ဖြစ်၍ ထိုနိဗ္ဗာန်ကို ထိုထို ရဟန္တာတို့ စုတိကျွေရောက်ရာ အရပ်ဆယ်မျက်နှာ တို့၌ပင် ထင်ရှား မရှိ မဆိုသင့်။

၁၉။ နိဗ္ဗာန်ကို အရပ်အားဖြင့် မညွှန်ကြားအပ် ဟူရာဝယ်လည်း ထိုထို နိဗ္ဗာန်၏ ထိုထို မိမိ ရောက်ရာအရပ်၌စွဲ၍ မှီ၍ ကပ်၍ မတည်သဖြင့် ထိုထို မိမိ ရောက်ရာ အရပ်နှင့် မစပ် မယှက် နေသောကြောင့်သာ ဆိုသည်၊ ထိုထို အရပ် ဆယ်မျက်နှာတို့၌ ထိုနိဗ္ဗာန်မရှိ သောကြောင့် ဆိုသည်မဟုတ်။

၂၀။ ယင်းနိဗ္ဗာန်ကို "အနိမိတ္တပစ္စုပဋ္ဌာန်" ဆိုရာ၌ လည်း ယင်း နိဗ္ဗာန်၏ အကြောင်းကင်း၍ လျောက်လျားဘာသာ ဖြစ်သည်ကို ဆိုသည် မဟုတ်၊ ယင်း ဖြစ်ကြောင်းပစ္စယရှိသော်လည်း အလွန်သိမ်မွေ့စွာ ဖြစ်သဖြင့် ယင်းအကြောင်း တရားတို့ကြောင့် ဖြစ်ပုံ အရိပ်နိမိတ်မထင်၊ အလွန်ထင်ရှားစွာ ဝင်းဝင်းတောက် တည် လျက်နေသည်ဖြစ်လျက် ထို ထင်ရှား ရှိပုံကို သိရကြောင်း အရိပ်နိမိတ် မထင်၊အလွန်လျှင် သိမ်မွေ့စွာ တည်နေသည်ကို စွဲ၍သာ ယင်း နိဗ္ဗာန်ကို"အနိမိတ္တ"ဆိုရသည်။

၂၁။ ဒီပင်္ကရာ,သရဏင်္ကရာစသော ဆိ့နွှဝဋ္ဋုမ ပရိ- ယာဒိဏ္ဏဝဋ္ဋ ပရိနိဗ္ဗုတ ဘုရားသျှင်ဟူသမျှတို့ သည် အလုံးစုံ ကွယ်ပျောက် ပြတ်တောက်၍ မသွား၊ ကိုယ်တော်မြတ်တို့စုတိတော် အခြား

မဲ့၌ ကိုယ်တော်မြတ်တို့ ချမ်းမြေ့ သာယာ ပုန်းအောင်းလည်းလျောင်းစရာ ကိုယ်တော်မြတ်တို့ထံ၌ ဝင်းဝင်းတောက်ပေါ်ရောက်လာသော ယင်းနိဗ္ဗာန်ရတနာ၌ မအိုမသေ ယခုထက်ထိ အမြဲတည်စံနေရသည်၊ နောင်လည်း ဘယ်သည် ကာလမှ ပျောက်ပျက်တော့မည် မဟုတ်။

ဤအချက်တို့သည် ထူးခြား နက်နဲသော အချက်တို့တည်း၊ ဤအချက်တို့မှာ ဤမျှလောက် ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို နေ့ရက်ရှည်ကြာ နှစ်လများစွာ အခါခါမွှေနှောက် အခေါက်ခေါက် ကြည့်ရှု၍ စိန္တာနု စိန္တနှုပြုသဖြင့် ဆုံးဖြတ်အပ်သော ဝိနိစ္ဆယသည် ကေန္တယထာဘူတ ယထာဓမ္မ ဝိနိစ္ဆယ ဖြစ်ပေလိမ့်မည်၊ ဖြစ်ပေသော်ကောဟု နှလုံးပြုနိုင်, ဆရာအားကိုး ယုံကြည်နိုင်သော ပုဂ္ဂိုလ်တို့ မှတ်သားစဘွယ် အလွယ်တကူ ကောက်ယူကျက်မှတ်ကြရန်စီမံအပ်သော တကျမ်းလုံး ညွှန်းပြခဲ့သောပါဠိ အဋ္ဌကထာ ဋီကာတို့မှ အရည်စင် အဆီညှစ်ရအပ်သော အတိုကောက်စကားပြေ သက်သက်တို့တည်း။

ဤအတိုကောက်စကားပြေ သက်သက် အကျဉ်းအမြွက်တို့ဖြင့် တင်းမတိမ်နိုင်ကြသော ကျမ်းတတ်ကဝိပညာရှိပုဂ္ဂိုလ်တို့မှာ ရှေးကပြဆိုအပ်ခဲ့ပြီးသော သင်္ခေပကဏ္ဍ, ဝိတ္ထာရကဏ္ဍ နှစ်ရပ်လုံး အရှိပါဠိ အဋ္ဌကထာ ဋီကာတို့ကို အခါခါ အထက်အောက် မွှေနှောက်

ကြည့်ရှု အကြိမ်ကြိမ် စိန္တာနုစိန္တန ပြုတော်မူကြလျှင် ကောန်ပင် ဤအတိုင်းသာ တင်းတိမ်အားရ သဘော ကျကြ ကုန်လတ္တံ့၊ ကျကြအောင်လည်း ဤဒုလ္လဘ တထာ ဂမ္ဘီရဉာဏ ဝိသယခက်ခဲစွာ၌ မျှားမျှားကြီး နှလုံးစိုက်ထူ အခါခါစိန္တာနုစိန္တန ပြုတော်မူကြပါစေ ကုန်သတည်း။

နိဗ္ဗာန် သိမ်မွေ့စွာ ဖြစ်ပေါ်လာခြင်း

ဤဝိသေသစကား ထူးခြားသော အရာ များတို့ တွင် နိဗ္ဗာန်ဟူက ဥပါဒ်အားဖြင့် ရုန့်ကြမ်းစွာ မဖြစ် သော်လည်း သိမ်မွေ့သော ဖြစ်နည်းမျိုးတို့ဖြင့် ဖြစ် ပေါ်လာရသေးသည် ဟူသော အချက်၌-

(၁) “နိဗ္ဗာနသ အနုပ္ပါဒေယေဝ ပုဂ္ဂလဿ နိဓရောဓော” ဟူသော ဝိသုဒ္ဓိမဂ် ဋီကာပါဠိ၌ အနုပ္ပါဒေယေဝ-ဟူသောပုဒ်။

(၂) “သဥပါဒိသေသ အနုပါဒိသေသ နိဗ္ဗာနပ္ပ-ဝတ္တိယာ” ဟူသော ဣတိဝုတ် အဋ္ဌကထာ၌ ပဝတ္တိ-ဟူသောပုဒ်။

(၃) “သမ္မုဒယိကာတိ သမ္မုဒယေ ခန္ဓ ဘေဒတော ပရဘာဂေ ဘဝါ” ဟူသော ဣတိဝုတ် အဋ္ဌ ကထာ၌ ဘဝါ-ဟူသောပုဒ်။

(၄) “အဘူတံ အဇာတံ ဟုတွာ အတ္ထီတိ အဗ္ဘုတံ” ဟူသော သဒ္ဒါယတန သံယုတ် အဋ္ဌကထာ၌ ဟုတွာ အတ္ထီတိ-ဟူသောပုဒ်။

(၅) "တဿ ဘိက္ခဝေ ဣဓေဝ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ၊ အယံ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု" ဟူသော ဣတိဝုတ်ပါဠိတော်၌ သီတိဘဝိဿန္တိ ဟူသောပုဒ်, အယံဟူသော ပုဒ်တို့မှ ရဟန္တာ ပုဂ္ဂိုလ် စုတိကျရောက်သည့်အခါ ဖြစ်ပေါ်လာသော သီတိဘာဝ သဘောတရားသည် အနုပါဒိသေသနိဗ္ဗာန်မည်၏ဟု အနက်ထွက်သော အချက်။

(၆) "အဇာတံ အဘူတံ" ဟူသော ဥဒါန်းပါဠိတော်ကို နက်နက်ကြီး အနည်းနည်း ဘွင့်ဆိုသော ဥဒါန်းအဋ္ဌကထာပါ၌။

ဤခြောက်ရပ်ခြောက်ဌာနတို့၌ များများ ကြီး စိတ်စိုက်၍ ကြံမိကြလျှင် ဂမ္ဘီရဉာဏ အသျှင်တို့ ကောန်ပင် ယခင် ဝိနိစ္ဆယအတိုင်း သဘောထင်မြင်ကြကုန်လတ္တံ့။

သီတိဘာဝနိဗ္ဗာနဓာတ်၌
မအို-မသေ-အမြဲတည်နေရခြင်း

ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့ ပြတ်၍ ပျောက်၍မသွား၊ ထိုမိမိတို့ရောက်ရာ နိဗ္ဗာန်၌ မအိုမသေ အမြဲတည်နေရသည်ဟူသော အချက်၌လည်း–

(၁) "ယထာ ဟိ ဝိဇ္ဇမာနေ ဧဝ ဇာတဝေဒေ ဗျတ္တေန ပုရိသေန နီယမာနေ ပုရတ္ထိမာ-ဒိဒိသံ ဂတောတိ ဝုစ္စေယျ၊ န နိဗ္ဗုတော၊ ဧဝမေဝံ ခိဏာသဝေါပိ" စသော မဇ္ဈိမပဏ္ဏာသ ဋီကာ။

(၂) "အနုပါဒိသေသနိဗ္ဗာနသင်္ခါတံ အတ္ထံ ဂတော သော အရဟာ ဣမာယနာမ ဂတိယာ ဋ္ဌိတော ဤဒိသော နာမဂေါတ္တဝသေနာတိ ပမိဏိတုံ နသက္ကာတိ"ဟူသောဣတိဝုတ်အဋ္ဌကထာ။

(၃) "န သော ပမာဏမေတိ" ဟူသော ဣတိဝုတ် ပါဠိတော်။

(၄) "အတ္ထံ ပလေတိ န ဥပေတိ သင်္ခံ"စသော စူဠနိဒ္ဒေသပါဠိတော်။

(၅) ကာယဿ ဘေဒါ ဓမ္မဋ္ဌော၊ သင်္ချံ နောပေတိ ဝေဒဂူ"ဟူသော သဠာယတန သံယုတ် ပါဠိတော်။

(၆) "ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ န ဟေဝံ ဝတ္တဗ္ဗေ"ဟူသော ကထာဝတ္ထုပါဠိတော်။

(၇) ရူပသင်္ခယေ ဝိမုတ္တော တထာဂတော အတ္ထီတိပိ န ဥပေတိ၊ နတ္ထီတိပိ န ဥပေတိ။ လ။ အထခေါ ဂမ္ဘီရော အပ္ပမေယျော အသင်္ချေယျော နိဗ္ဗုတော တွေဝ သင်္ချံ ဂစ္ဆတိ" ဟူသော နေတ္တိ ပါဠိတော်။

(၈) "ရူပသဒ္ဒါယ ဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော ဒုပ္ပရိ-ယောဂါဟော သေယျထာပိ မဟာသမုဒ္ဒေါ" စသော သဠာယတနသံယုတ်ပါဠိတော်။

(၉) ရူပသင်္ခါဝိမုတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘီရော" စသော မဇ္ဈိမပဏ္ဏာသ ပါဠိတော်။

(၁၀) အတ္တဂ်ာတသာ န ပမာဏ မတ္ထိ" စသော စူဠ နိဒ္ဒေသပါဠိတော်။

၎င်းပါဠိတော်တို့၏ အဋ္ဌကထာ, ဋီကာတို့၌ အခါ ခါ စိတ်စိုက်၍ အတန်တန် စိန္တာနုစိန္တန ပြုမိကြလျှင် ဂမ္ဘီရဉာဏအသျှင်တို့ ကောန်ပင် ဤအတိုင်း သဘော ထင်မြင်ကြပေကုန်လတ္တံ့၊ ဤဆိုအပ်ခဲ့ပြီးသော လိုရင်း စကား နှစ်ဌာနကို ကောင်းစွာလှလှ သဘောကျကြ၍ ရှိလျှင်လည်း ကြွင်းသောအချက်တို့မှာ အန္ဒောဂတ ကဲ့သို့ဖြစ်၍ သဘော ကျကြတော့မည် ကောန်သာ တည်း။

မေတ္တာ—အာသီသ

ဤသို့လျှင် ပိဋကတ်သုံးသွယ် နိကာယ်ငါးတန် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန် တို့ကို အဘန်ဘန်မွေ့ နှောက် အထက်အောက်ကြည့်ရှု အခါခါစိန္တာနုစိန္တန ပြုသဖြင့် ယထာမမ္မ ယထာသဘာဝ နေရာကျကောင်း စွာ ရေးသား ဆုံးဖြတ်အပ်သော ဤ "ဂမ္ဘီရာဂမ္ဘီရ မဟာနိဗ္ဗုတ ဒီပနီကျမ်း"ကို ဝတိ သာ နုတ်နန်းဝယ်

အာသာ၀တီ နွယ်နီနတ်ပန်းကို နတ်ဒေ၀ါတို့ သူ့ထက်ငါ ဆွတ်လှမ်း ပန်ဆင်ကြဘိသည့် အတူ သူ့ထက်ငါ ၀ိုင်းယူ ပူဇော်ကြပြီးခါ အတိဒုလ္လဘကထာ တကယ်နက်နဲ ထူးကဲ လှသည့် ဤဒေသနာကို တကယ်သမ္ပတ္တိ စက်အလာ တကယ် အခွင့်ကြီး သာလှ၍ ကောင်းစွာ နာကြား မှတ်သား ကြရသူ တကယ်သမ္ပတ္တိပုဂ္ဂိုလ်ဖြူတို့....။

"ဝံ ဝိမုတ္တ စိတ္တော ခေါ ဝစ္ဆ တထာဂတော ဂမ္ဘိရော အပ္ပမေယျော" စသည်ဖြင့် ဝိမုတ္တစိတ္တရဟန္တာ နောင်အခါ အဘယ်မှာဖြစ်ပါ လိမ့်ဦးမည် နည်းဟု ၀စ္ဆပရိဗိုဇ် လျှောက်ထားရာ-

အဘယ်မှာမှ ဖြစ်လေဦး မည်ဟု-ငါဘုရား မဟောကြားကြောင်းနှင့် မိန့်တော်မူရာတွင်-

သို့ဖြစ်လျှင် အဘယ် တွင်မှ မဖြစ်ပေဘူးလောဘုရား-လျှောက်ထားပြန်ရာ၀ယ်-

ဤသို့ အဘယ်တွင်မှ မဖြစ်ပေဘူး ဟူ၍လည်းငါဘုရား မဟော ကြားဟု မိန့်တော်မူပြန်သည်တွင်—

အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်လတ္တံ့၊ မဖြစ်လတ္တံ့ တခုခုကိုမျှ မဟောရပါ သနည်းဟု ၀စ္ဆပရိဗိုဇ်လျှောက်ထား ပြန်ရာ—

နိဗ္ဗာန်၌ရောက်၍နေသူ ပရိနိဗ္ဗုတရဟန္တာများ၏ ရုပ်စသည်မရှိသဖြင့် ရုပ်စသည်နှင့် စပ်သော ပညတ်မျိုးမှလွတ်၍ နေသောကြောင့် ထိုနိဗ္ဗာန်၌ ရှုပါဒိ

သင်္ခါရဝိမုတ္တအဖြစ်ဝယ် တည်နေသော ထိုရဟန္တာအား ရုပ်နာမ်တရားပင်မရှိသော်လည်း အလုံးစုံကွယ်ပျောက်၍ မသွား၊တစုံတရာ ဂမ္ဘီရ သဘောအားဖြင့် ထိုသူ ထိုနိဗ္ဗာန်ဝယ် တည်ရှိနေသည်ကိုရည်၍ထိုသူ ထိုနိဗ္ဗာန်၌ဖြစ်၍ နေ၏ဟု ငါဟောတော်မူသည် ရှိသော် ရုပ်နာမ်နှင့် တကွ ဖြစ်နေသည်ဟု ဝေနေယျတို့ ထင်မှားဘွယ်ရှိသောကြောင့်လည်းကောင်း၊

ရုပ်နာမ် မရှိသည်ကိုရည်၍ ထိုသူထိုနိဗ္ဗာန်၌မရှိဟု ငါဟောတော်မူခဲ့သော်အလုံးစုံအဘယ် ဂမ္ဘီရသဘော တခုမျှမရှိ၊ ပျောက်၍ပြတ်၍ သွားသည်ကိုဆိုလေသလောဟု ဝေနေယျတို့ယုံမှားဘွယ်ရှိသောကြောင့်ရင်း၊

ထိုနိဗ္ဗာန်၌တည်၍ နေသူ ထိုနိဗ္ဗာန်၌ဖြစ်၍ နေ၏၊ ဖြစ်၍ မနေ၊ ဤသို့တခုခုကိုမျှ ငါဟော၍ မတော်မလျော်နိုင်သောကြောင့် ထိုနိဗ္ဗာန်သို့ ရောက်လတ္တံ့သော ဝိမုတ္တစိတ္တရဟန္တာ ပုဂ္ဂိုလ်အားလည်း ထိုနိဗ္ဗာန်သို့ ရောက်လတ္တံ့, ထိုနိဗ္ဗာန်၌ တည်လတ္တံ့ ဟူ၍သာ ဟောသင့်ရကား"ထိုနိဗ္ဗာန်၌ ဥပပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့၊ နုပပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့" ဟု တခုခုကိုမျှ ငါဟော၍ မတော်နိုင်၊ ဝေနေယျတို့ ဉာဏ်မနိုင်ဘွယ် ရှိသောကြောင့် အဘယ်တခုခုကိုမျှ ငါဟောတော်မမူသည်ဟု ဝစ္ဆပရိဗိုဇ်အား ဘုရားသျှင် မိန့်ကြားတော်မူသည့် အရာ ဗျာဂြိုတ္တာ ဓိပ္ပါယဖြင့် မဇ္ဈိမပဏ္ဏာသပါဠိတော် လာသည်ကို ထောက်သဖြင့်လည်းကောင်း၊

"ရူပသင်္ခါ ဝိမုတ္တော ခေါ မဟာရာဇ တထာဂတော ဂမ္ဘီရော အပ္ပမေယျော" စသည်ဖြင့် ကော

သလမင်းကြီး အားလည်း ယင်းဝစ္စ ပရိဗိုဇ်အား ဟောကြားတော်မူသည့်အတိုင်းပင် ဟောကြားတော်မူသည်ဟု သဠာယတန သံယုတ်ပါဠိတော် လာသည်ကို ထောက်သဖြင့်လည်းကောင်း၊

"အတ္ထင်္ဂတော သော ဥစ္ဆိန္နော ဝိနဋ္ဌော" စသည်ဖြင့် နိဗ္ဗာန် ရောက်သွားသည့် သူများ အလုံးစုံ ပြတ်တောက် ကွယ်ပျောက်၍ သွားသလော ဘုရား–ဟု ဥပသီဝပုဏ္ဏား လျှောက်ထားရာ–

"အတ္ထင်္ဂတဿ န ပမာဏမတ္ထိ" စသည်ဖြင့် နိဗ္ဗာန်ရောက်သူများ အလုံးစုံ ကွယ်ပျောက်၍ သွားသည် မဆိုသင့်၊ ရုပ် ဝေဒနာ စသော ပမာဏ တရားသာ မရှိသည်ဟု ဘုရား ဟောကြားတော် မူကြောင်းနှင့် စူဠနိဒ္ဒေသ ပါဠိတော် လာသည်ကို ထောက်သဖြင့် လည်းကောင်း၊

"ပရိနိဗ္ဗုတော ပုဂ္ဂလော ဥစ္ဆိန္နောတိ နဟေဝံ ဝတ္တဗ္ဗေ" ဟူသောပါဠိဖြင့် ပရိနိဗ္ဗုတ ရဟန္တာ ပုဂ္ဂိုလ်များ အလုံးစုံ ပြတ်တောက်ကွယ်ပျောက်၍ သွားသည် မဆိုသင့်ကြောင်းနှင့် ကထာဝတ္ထုပါဠိတော် လာသည်ကို ထောက်သဖြင့်လည်းကောင်း၊

"န တဿ ပမာဏ မေတိ" စသည်ဖြင့် ပရိနိဗ္ဗာန် ပြုသွားကြသော ပုဂ္ဂိုလ်တို့ ထိုနိဗ္ဗာန်၌ သီလ သမာဓိ ပညာ အမျိုးအနွယ်အားဖြင့် အဘယ်သူလိုတည်းဟု မနှိုင်းရှည့်နိုင်ဘွယ်စကာယဂမ္ဘီရ, အပ္ပမာဏ, အပ္ပမေယျ

ဖြစ်၍နေကြောင်းနှင့် ဟောတော်မူအပ်သောဟူတိဝုတ် ပါဠိတော်,၎င်းအဋ္ဌကထာ တို့ကိုထောက်သဖြင့်လည်း ကောင်း၊ ရဟန္တာ ပုဂ္ဂိုလ် သေပြီးသည်နောက် ပြုတ်တောက် ကွယ်ပျောက်၍ သွားကြောင်းနှင့်ဟောပြော လေ့ရှိသော ယမကာမည်သော ရဟန်းအား ဤကဲ့သို့ ပါပိကဝါဒ ဥစ္ဆေဒဒိဋ္ဌိ စကား မဟောကြားရမည့် အကြောင်းနှင့် အသျှင်သာရိပုတြာ ကိုယ်တိုင် ဆုံးမ ရသည်ဟု သဠာယတနသံယုတ် ပါဠိတော် လာသည် များကို ထောက်သဖြင့်လည်းကောင်း၊

"ယထာ ပန ဝိဇ္ဇမာနော ဧဝ ဇာတဝေဒေါ ဗျတ္တေန ပုရိသေန နိယမာနော ပုရတ္ထိမာဒိဒိသံ ဂတောတိ ဝုစ္စေယျ၊န နိဗ္ဗုတော။ဧဝံ ခိဏာသဝေါပိ" စသည်ဖြင့် ပရိနိဗ္ဗုတပုဂ္ဂိုလ် ရုပ်နာမ်ခန္ဓာ ငြိမ်း ပျောက်၍ သွားရာ အဘယ်အရပ်၌ ရုပ်နာမ်ခန္ဓာနှင့် တကွဖြစ်၏ ရောက်၏ဟုမဆိုထိုက်သည်ကိုသာပြသည်၊ စင်စစ်နိဗ္ဗာန်သို့မရောက်ဟု ဆိုလိုသည်မဟုတ် ဟူသော မဇ္ဈိမပဏ္ဏာသဋီကာလာသည်ကို ထောက်သဖြင့်လည်း ကောင်း၊ ဤသို့စသောပါဠိတော်များစွာ အဋ္ဌကထာ ဋီကာ အရပ်ရပ်တို့ကို ထောက်သဖြင့်—

"နိဗ္ဗာန်ရောက်သွားကြသူတို့အလုံးစုံ ကွယ်ပျောက် ပြတ်တောက် ရိတ္တ တုစ္ဆ အဘာဝသို့ ရောက်သွားကြလေတော့သည်ဟု ဥစ္ဆေဒဝါဒ စကား ပြောကြားယူမှားခြင်းကို မဖြစ်စေရ၊ ထိုနိဗ္ဗာန်ရောက်သူတို့ ထိုနိဗ္ဗာန်၌ အဘယ်ပုံ ခြင်းရာအားဖြင့် တည်နေသည်ဟု ဝေနေယျတို့

ဉာဏ်ဖြင့် မတိုင်းထွာနိုင် မပိုင်းခြားနိုင်ဘွယ် တကယ်နက်နဲခြင်းဂမ္ဘီရ အပွမေယျ သဘောအားဖြင့် ဖြစ်၍ အဘယ်ဘေးတခုမျှ မတွေ့မငွေ့ ချမ်းမြေ့သာယာ၊ အမြဲ တည်စံ နေကြရသည်''—

ဟူ၍သာ နှလုံးနှစ်ခြိုက် ပိုက်ထားကြ ကုန်သည်ဖြစ်၍ ယင်းသို့ဂမ္ဘီရဖြစ်သော နိဗ္ဗာန်၌ ဂမ္ဘီရ အပ္ပမေယျ ပရိနိဗ္ဗုတပုဂ္ဂလဖြစ်၍ တခါတည်းမျှ မပျောက်မပျက် မအိုမသေ အမြဲတည်စံနေရာ နိဗ္ဗုအောင်ခန်း တကယ်ဘေးမသန်းသည့် ရွှေမြို့နန်း၌ ဆောလျင်စွာ စံမြန်းကြရပါစေကုန်သတည်း။

နိဗ္ဗာနသခေၤပကထာနှင့်နိဗ္ဗုတိကထာပြီး၏။

အုဂ်ဖိုရ်ဆရာတော်

၈န္ဒ မင်္ဂလ သုတ္တ

နိဗ္ဗာန်အလင်းပြကျမ်း

နိဒါန်း

စုလ္လာသီတိ၊ သဟဿသချာ၊ ယူဇနာပေါင်း၊ မြင့်ဆောင်းဆောင်းလျှင်၊ ရှစ်သောင်းလေးထောင်၊ နှစ်ပြန်ဆောင်သည့်၊ ရွှေတောင်ခါးပန်း၊ ယုဂန်နန်းနှင့်၊ ထုတ်သန်းထပ်ရှည့်၊ ပတ်ပတ်လှည့်သား၊ ဝင်းမှည့်ရောင်နွယ်၊မှောင်မျိုးပယ်လျက်၊ မိုးလယ်တိမ်ယံ၊ နေလစံသကဲ့သို့၊ နိုင်ငံတော်အစွန်း၌၊ ပျံ့မွှန်းကိတ္တိ၊ ကျော်စောခြင်း ရှိတော်မူသဖြင့်၊ ပရိယတ္တိဝိသာရဒ၊ တိပိဋကဓရ၊ ဂန္ထန္တရဗသုသံုတ၊ သဒ္ဒဂါရဂူ၊ သီလဝန္တ၊ လဇ္ဇီပေသလ သိက္ခာကာမ၊ ဂဏာစရိယ ဂဏပါမောက္ခ၊စိန္တာမယဉာဏိက၊ ဝယဝုဒ္ဓိ၊ စရိုလောက်လုံ၊ ထိုထိုဂုဏ်တို့ဖြင့်၊ စွယ်စုံပြောင်မြောက်၊ မှန်သောက်မာတင်၊ အာဝင်ဇာနည်၊ မဟာထေရ်ဖြစ်တော်မူသော သက်တော် (၈၅) နှစ်၊ ဝါတော် (၆၅) ဝါရှိ အုဂ်ဖိုရ်ဆရာတော်ဘုရားကြီးသည်၊ မီးဆဲ့တဖြာ၊ ငြိမ်းရာကေန်၊စင်စစ်မှန်သော၊ နိဗ္ဗာန်ဘုံနန်း၏အခြင်းအရာကိုရင်း၊ ထိုနိဗ္ဗာန်ဘုံနန်းသို့ လှုံမြန်းပျော်ရွှင်၊ ဝင်စံတော်မူကြကုန်သော၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကနှင့်၊ သာဝက ထေရ်ရှင်၊ သခင်သူမြတ်တို့၏ အခြင်းအရာကိုရင်း၊ ထိုထိုသို့သောအယူ၊ မဖြူဒိဋ္ဌိဟု၊ ရှိကုန်ကြသဖြင့်၊ သဿတဝါဒ၊ ဥစ္ဆေဒဝါဒ၊နတ္ထိကဝါဒ၊အဟေတုကဝါဒ၊ အကိရိယ ဝါဒမကင်း၊ မရှင်းလင်းကြကုန်သော သူတို့အား၊ ထိုမှားယွင်းသော အယူဝါဒမှ ကင်းလွတ်လျက်၊ ဖြောင့်မှန်သောအတိုင်း သိမြင်ကြစေခြင်းငှါ၊ ယူဇနာ ရှစ်သောင်း လေးထောင်၊နက်ချောင်လျှိုးငုပ်၊ သမုဒ်ရေထဲ၊ ဝက်ဝက်ခွဲလျက်၊ ပုလဲမျိုးခြား၊ ပြယိုးယားနှင့်၊ကိုးပါးမျက်ပျံ့၊ အလျှံထိန်ထိန်၊ စိန်ဝဇီရာ၊ ရတနာတို့ကို၊ ထုတ်ဆောင်ကာ ပြဘိသကဲ့သို့၊ထိုထိုသောပါဠိ, အဋ္ဌကထာ,ဋီကာကျမ်းဂန်တို့မှ၊ ယထာဘူတ ဟုတ်မှန်တိုင်းသော သဘောအဓိပ္ပါယ်တို့ကို၊ ရွေးချယ်ထုတ်နှုတ်၍ ရေးသားစီရင်အပ်သောဤ "စန္ဒမဏ္ဍလ သုက္ကနိဗ္ဗာန် အလင်းပြကျမ်း"ကို ရှင်လန်းနှစ်သက်၊ လေ့ကျက်မှတ်သား၊ ကြိုးစားကြည့်ရှုကြပါစေကုန်သတည်း။

စန္ဒမင်္ဂလာသုတ္တံ ဝါတန်း
နိဗ္ဗာန်အလင်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

အဘိဓာဇကနှင့် ပဋိညာဉ်

၁။ အာကာရံဝ အစိန္တေယျံ၊
နိဗ္ဗာနဿ စ ဗုဒ္ဓဿ။
ဓမ္မဓာတွာဟ နိဿာယ၊
လောကမတ္တံဝ လောကိယံ။
[ကြိုကား ဝတ္တဂါထာ]

၂။ အင်္ဂုလိရက္ခ ငွေနာပိ၊
မောင်ဖိုးရှင်းတိ သုတေသိနာ။
ဥပါသကေန သက္ကစ္စံ၊
ဇာနိတုံ အဘိဓာဇိတော။
[ကြိုကား ပထျာဂါထာ]

H 603—4 [ဟံသာဝတီ]

အင်္ဂုတ္တိုရ်ဋ္ဌကထာဝဲ၊ ပုစ္ဆာဝေပါပ္မွတ္ထက္ကအောဠ် ပုပ္ပဿ အင်္ဂုတ္တိုရ် မဂ္ဂနိမိတ် ဗျာယိတ် သံချို မြို့အုဂ်ဖိုရ်ကို လိုအာဏာရ တရားမ မြို့အုပ် သမုတ်ဆမှုန် ဌာနန္တရလည်း ရှိထသော၊ သုတေသိန္ဒ၊ သုတမင်္ဂလာ အဖြာဖြာသော နည်းကို ဆည်းပူးရှာမှီး လေ့လည်း ရှိထသော။ မောင်ဖိုးရှင်းတိ ဥပါသကေနှ၊ မြို့ရှာခင်း လူတသင်းတို့၏ ညစ်ထင်းရောဂါ အနာနှင့် တွေ့သောအမှု အစုစုကို ဥပဒေ ရာဇသတ်ဖြင့် ဆုံးဖြတ်ရှင်း လင်းခြင်းငှာ လိမ္မာသော ဉာဏ်ရောင် တန်ဆောင်ဆိမ်းသဖွယ်ရှိသည်ဖြစ်၍ မောင်ဖိုးရှင်းဟု ခေါ်ဝေါ်ပျံ့သင်း သတင်းကျော်ကြားသော မြို့အုပ်မင်း ဒါယကာသည်။ သက္ကတ်၊ ရှိသေစွာ။ နိဗ္ဗာနသာဓ၊ နိဗ္ဗာန် ဓါဝင်း။ ဗုဒ္ဓသာဓ၊ ဘုရားဓါဝင်း။ အစိန္တေယျ၊ ဆုံးခန်း တိုင်တိုင် မသိနိုင်သော။ အာကာရ၊ ခြင်းရာ ဆန်း ကြယ် အံ့ဘွယ်ပျံ့ဖြူး ဂုဏ်အထူးကို သာလျှင်။ ဇာနိတုံ၊ သိခြင်းငှာ။ အဘိယာစိတော၊ ရှေးရှုရွက်စပ် တောင်း ပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်သောကြောင့်။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ မမ္မခတုံ၊ သမ္ဗုဒ္ဓဉာဏ်တော်ကို။ နိဿာယ၊ မှီ၍။ လေသမတ္တံဝ၊ အမြွက်မျှသာလျှင်။ ဝါ၊ အကျဉ်းမျှ သာလျှင်။ လေကိခိဿံ၊ ဉာဏ်ပထျာဖြန့် ရေးပါအံ့။ (ဤသာ ယောဇနာ)

ဘုရားတရားဂုဏ်ကျေးဇူးမကုန်နိုင်

ဤဂါထာ၌ အာကာရဟူသောပုဒ်ကို "အာကာရိ- ယတိ ဒဗ္ဗဝိဓိသသံ ဉာဏိယတိ ဧတေန ဂုဏာဝိသေဖသော နာတိ အာကာရံ" ဟုဝစနတ်ပြု။

ဧတေန ဂုဏဝိသေသေန၊ ထိုဂုဏ်အထူးဖြင့်။ ဒဗ္ဗ ဝိသေသံ၊ ဘုရားဒြပ်, တရားဒြပ်တော် အထူးကို။ အာကရိယတိ ဉာဏိယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့သိကြောင်း၏ အဖြစ်ကြောင့်။ တံ၊ ထိုဂုဏ်အထူးသည်။ အာကာရံ၊ အာကာရမည်၏။ ။ဤအရာ၌ အာဂမယုတ္တိကား–

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊
ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊
ဝိပါကော ဟောတိ အစိန္တိယော။ ။

[ဤကား ဗုဒ္ဓအပဒါန်ပါဠိတော်၊ ပါရာဇိကဏ် အဋ္ဌကထာ စသည် တို့၌ လာသော အာဂမယုတ္တိ ဂါထာပါဌ်။]

ဧဝံ၊ ဤသို့သော အပြားအားဖြင့်။ ဗုဒ္ဓါ၊ ဘုရားဒြပ်တော်တို့သည်။ အစိန္တိယာ၊ အံ့ဩခြင်းမှမ်း၍မကုန်နိုင်။ ဗုဒ္ဓဓမ္မာ၊ ဘုရားဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ၊ အံ့ဩခြင်းမှမ်း၍မကုန်နိုင်။ တနည်းကား–ဗုဒ္ဓါ၊ ဘုရား, ဘုရားဂုဏ်ကျေးဇူးတော်တို့သည်။ အစိန္တိယာ၊ အံ့ဩခြင်းမှမ်း၍ မကုန်နိုင်။ ဗုဒ္ဓဓမ္မာ၊ ဘုရားတရားတော်တို့သည်။ အစိန္တိယာ၊ အံ့ဩခြင်းမှမ်း၍ မကုန်နိုင်။ ဧဝံ၊ ဤသို့။ အစိန္တိယေ၊ အံ့ဩခြင်းမှမ်း၍ မကုန်နိုင်သော ဘုရားဒြပ်တော်, ဘုရားဂုဏ်တော်၌။ ဝါ၊ ဘုရားတရား ဂုဏ်ကျေးဇူး, ဘုရားတရားတော်၌။ ပသန္နာနံ၊ သဒ္ဓါ ကြည်ညိုကုန်သော သူတို့အား။ အစိန္တိယော၊ အံ့ဩ

ခြီးမွမ်း၍ မကုန်နိုင်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ဖြစ်၏။ (ဤကား ယောဇနာ)

ဤယောဇနာနည်းတို့တွင် "ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာအစိန္တိယာ။ အစိန္တိယေ"တိုင်အောင်သောပါဠိ တို့၌ ပထမယောဇနာနည်းကို သာရတ္ထဒီပနီဋီကာ နှင့် အညီ၊ဒုတိယယောဇနာနည်းကို အပဒါန် အဋ္ဌကထာ နှင့်အညီ ယောဇနာအပ်သည်။

ဤဂါထာ၌ ပထမပါဒ, ဒုတိယပါဒဖြင့်ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့သည် အထူးထူးအထွေထွေ ဖြစ်ခြင်းကြောင့် တဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို တဆူသော ဘုရားရှင်သည် အာယုကပ်ပတ်လုံး အသက်တော်ရှည်သမျှ တပါးတရားစကားကို မဟော ကြားမူ၍ ထိုတဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူး ကိုသာ ရေတွက်ဟောကြား သော်လည်း အာယုကပ် ကုန်၍ ပရိနိဗ္ဗာန်သာ ပြုရမည်၊ ထိုတဆူ သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးသည် မကုန်နိုင် ဟူသော အဓိပ္ပါယ်ကို မှတ်။

နိဗ္ဗာန်ဂုဏ်ကျေးဇူး မကုန်နိုင်

တနည်း[illegible]ား—ပထမပါဒ, ဒုတိယပါဒဖြင့် ဘုရား ဘုရား ဂုဏ်ကိုရင်း, တရားတော်၏ ဂုဏ်ကိုရင်း အထူး ထူး အထွေထွေဖြစ်ခြင်းကြောင့်ကြံစည်အံ့သြခြီးမွမ်း၍ မကုန်နိုင်ကုန်သည်၏ အဓိပ္ပါယ်ကို ပြတော် မူသည်၊

ထိုတရားတော်တို့တွင် နိဗ္ဗာန်ဟူသော တရားတော်၏ ဂုဏ်ကျေးဇူးကိုလည်း ထိုဘုရားရှင်၏ ဂုဏ်ကျေးဇူးကဲ့သို့ပင် အာယုကပ်ပတ်လုံး ဟောကြားသော်လည်း မကုန်နိုင်၊ တတိယပါဒ, စတုတ္ထပါဒနှစ်ပါးဖြင့် ထိုဘုရားဂုဏ်, တရားဂုဏ်တော်တို့၌မတုန်မလှုပ်သက်ဝင်ယုံကြည်သဖြင့် ကြည်ညိုကြကုန်သော သူတို့အား အံ့သြခြီးမွမ်း၍ မကုန်နိုင်သော အကျိုးထူး ဝိသေသ ရှိသည်၏ အဖြစ်ကို ပြတော်မူသည်၊ ယုံကြည်ဘွယ်မှု ထုံးဝတ္ထုကဲ့သို့ ရာဇဂြိုဟ်ပြည်ကြီး၌ ဇောတိက, ဇဋိလအစရှိကုန်သော မဟာဓကုလမျိုးတို့၏ စည်းစိမ်ချမ်းသာ အစိန္တေယျ သရုပ် အတ္ထုပ္ပတ္တိဝတ္ထု ရှိလေပြီ။

ဗုဒ္ဓဓမ္မာ- ဟူသောပါဌ်၌ အပဒါန်အဋ္ဌကထာနှင့် အညီ ဓမ္မအရကို ပရိယတ္တိဓမ္မနှင့်တကွ လောကုတ္တရာ ဓမ္မကို ယူ၊ ထိုဓမ္မတို့တွင် နိဗ္ဗာန်ဟူသော ဓမ္မဂုဏ်ကို အောက်ဓမ္မအပေါင်းတို့ထက် လွန်ကဲသောဂုဏ် ရှိ၏ဟု မှတ်၊ ဤပါဌ်အပေါင်းတို့တွင် အစိန္တိယာဗုဒ္ဓါဟူသော ပါဌ်ဖြင့် လောက၌ ထင်ရှားရှိသော ဘုရားကိုသာ ရည်၍ ဆိုအပ်သည်၊ နိဗ္ဗာန်သို့ ကြွရောက်တော်မူသော ဘုရားရှင်ကို မဆိုဟု မယူအပ်၊ ယူသော် ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊ တေ မေ နဓမာ-ဟူသော ရွှေဉ ဒေါင်းမင်း ပရိတ်တော်, သရိတ္တာ ပုဗ္ဗကော ဇိနေ- ဟူသော ငုမ်းမင်း ပရိတ်တော်စကားတို့သည် နိရတ္ထက ဖြစ်ကုန်ရာသည်။

နိဗ္ဗာန် ၂-မျိုး

ဤနိဗ္ဗာန်ဟူရာ၌ နိဗ္ဗာန်သည်—
(၁) သဉပါဒိသေသနိဗ္ဗာန်၊
(၂) အနုပါဒိသေသနိဗ္ဗာန်၊

ဟူ၍ နှစ်ပါးအပြား ရှိ၏၊ ထိုနှစ်ပါး တို့တွင် ဘုရား,ရဟန္တာတို့သည် ဝိပါက်ကမ္မဇရုပ် အကြွင်းရှိစဉ် ခံစားအပ်သော နိဗ္ဗာန်သည် သဉပါဒိသေသ နိဗ္ဗာန် မည်၏၊ ဝိပါက်ကမ္မဇရုပ်တို့ကို အကြွင်းမဲ့ ပယ်စွန့်၍ အမတနာမ်ဝိသေသ,ရုပ်ဝိသေသဖြင့် ခံစား ပြန်သော အခါ အနုပါဒိသေသ မဟာအသခ်တဓာတ် အထူး သဖြင့် မြတ်သော နိဗ္ဗာန် ပြည်ကြီး ဟု ဆိုအပ်၏၊ ယင်းသို့ နိဗ္ဗာန်နှစ်ပါးပြားခြင်းသည် ပုဂ္ဂလဘေဒ အားဖြင့် ပြားသည်မဟုတ်၊ တယောက်သောပုဂ္ဂိုလ်၌ ပင် အခိုက် အတန့် အားဖြင့် ပြားသည် ဖြစ်၍ နိဗ္ဗာန်ကို အဝတ္တာဘုံဟု ဆိုအပ်သည်၊ "နှစ်ယောက် မတန်၊နှစ်နိဗ္ဗာန်"ဟု ပညာရှိ တို့လည်း ဆိုကုန်သည်။

မိလိန္ဒရှင်နာဂသိန်နိဗ္ဗာန် မေး-ဖြေ

ဤနိဗ္ဗာန်၏ ဖြစ်သောအခြင်းအရာကို ယောနက တိုင်း သာဂလပြည်ကြီးကို အစိုးရသော မိလိန္ဒမင်းကြီး က ရဟန္တာဖြစ်သော ရှင်နာဂသိန် မထေရ်မြတ်ကို—

မေး။ ။"အရှင် ဘုရား နာဂသိန်....ထိုနိဗ္ဗာန်၏ တည်ရာအရပ်သည် အရပ်ရှစ်မျက်နှာ, ဆယ်မျက်နှာ တို့တွင်အဘယ်အရပ်၌ရှိသနည်း"ဟုမေးလျှောက်သည် ရှိသော်—

ဖြေ။ ။''ထိုအရပ်တို့တွင် တစုံတခုသောအရပ်၌ မရှိ''ဟုရှင်နာဂသိန်က ဖြေ၏။

မေး။ ။ထိုအခါ မင်းကြီးက "အရှင် ဘုရား နာဂသိန်....အကယ်၍ နိဗ္ဗာန်တည်ရာအရပ် မရှိခဲ့သော် အကြင်အရိယာ ပုဂ္ဂိုလ်တို့အား'နိဗ္ဗာန်ကို မျက်မှောက်ပြု၏' ဟူသောစကားသည် ချွတ်ယွင်းတိမ်းပါးမှားခဲ့၏ တကား၊ အရှင်ဘုရား နာဂသိန်....လောက၌ စပါး၏ စိုက်ပျိုးရာလယ်သည်ရှိ၏၊ အနံ့၏ဖြစ်ရာ ပန်းသည်ရှိ၏၊ ပန်း၏တည်ရာ တောချုံသည် ရှိ၏၊ အသီး၏ သီးရာ သစ်ပင်သည် ရှိ၏၊ ရတနာ၏ ဖြစ်ရာ ကောင်းကင် သမုဒ္ဒရာသည်ရှိ၏၊အလိုရှိသောသူသည် ထိုရှိရာအရပ်သို့ သွား၍ ဆောင်ယူသကဲ့သို့ ထိုအတူ နိဗ္ဗာန်သည် အရပ် ရှစ်မျက်နှာ, ဆယ်မျက်နှာတို့တွင် တရပ်ရပ်၌ ရှိသော် သာလျှင် ထိုနိဗ္ဗာန်ကို အလိုရှိ အပ်၏၊ မရှိဘဲလျက် 'နိဗ္ဗာန်ကိုမျက်မှောက်ပြု၏'ဟူသော စကားကို ဆိုခြင်း ကြောင့်ထိုစကားကိုမိစ္ဆာဟု တကာတော်ဆိုသတည်း" ဟု မင်းကြီးကလျှောက်၏။

ဖြေ။ ။ထိုအခါ ရှင်နာဂသိန်က "မင်းကြီး.... တစုံတခုသောအရပ်၌ အကယ်၍ နိဗ္ဗာန် ထင်ရှား မရှိ သော်လည်း ထိုထို အတီတာနန္တရဘဝတို့၌ ဖြည့်ဆည်း ပူးအပ်သော ပုညသမ္ဘာရ ရှိသောသူသည် ဖယာနိ သော မနသိကာရအားဖြင့် အနိစ္စ, ဒုက္ခ စသော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသည် ရှိသော် နိဗ္ဗာန် ဟူသောတရားသည် မျက်မှောက်၌ ထင်ရှားပေါ်လာ

သည် ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် ပြုနိုင်သတည်း”ဟုဖြေ၍ ဥပမာဖြင့်ထင်ရှား ပြအံ့သောငှာ-

---

သစ်နှစ်ခုပွတ်ရာ မီးဖြစ်လာသည့်ပမာ

ယထာ ပန မဟာရာဇ အတ္ထိ အဂ္ဂိနာမ၊နတ္ထိ တဿ သန္နိဟိတောကာသော၊ ဒွေကဋ္ဌာနိ သံဃဋ္ဋေန္တော အဂ္ဂိံ အဓိဂစ္ဆတိ၊ ဧဝမေဝ ခေါ မဟာရာဇ အတ္ထိ နိဗ္ဗာနံ၊ နတ္ထိ တဿ သန္နိဟိတောကာသော၊ သမ္မာပဋိပန္နော ယောနိသောမနသိကာရေန နိဗ္ဗာနံ သစ္ဆိ-ကရောတိ။

[မိလိန္ဒပဉှာ ၁၁၃း ဓပ ညီ ချပ်]

ပန၊ ဥပမာဖြင့် ထင်စွာဆိုဦးအံ့။ မဟာရာဇ၊ မင်းကြီး။အဂ္ဂိနာမ၊ မီးမည်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုမီး၏။ သန္နိဟိတောကာသော၊ စုဝေးသိုမှီးရာအရပ်သည်။ နတ္ထိ၊ မရှိ။ ပန-တထာပိ၊ ထိုသို့မရှိသော်လည်း။ ဒွေကဋ္ဌာနိ၊ နှစ်ချောင်း ကုန်သော ဒုဋ်တို့ကို။ သံ-ဃဋ္ဋေန္တော၊ ပွတ်တိုက်သည်ရှိသော်။ အဂ္ဂိံ၊ မီးကို။ အဓိဂစ္ဆတိ ယထာ၊ရ၏သို့။ဧဝ မေဝ ခေါ၊ ဤအတူသာလျှင်။ မဟာရာဇ၊ မင်းကြီး။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ အတ္ထိ၊ရှိ၏။တဿ၊ထိုနိဗ္ဗာန်၏။ သန္နိဟိတောကာသော၊ စုဝေးသိုမှီးရာအရပ်သည်။ နတ္ထိ၊ မရှိ။ ပန-တထာပိ၊ ထိုသို့ မရှိသော်လည်း။ သမ္မာပဋိပန္နော၊ ဝိပဿနာကမ္မဋ္ဌာန်းကို ကောင်းစွာစီးဖြန်းခြင်း အကျင့်ရှိသော

သူသည်။ ယောနိသော မနသိကာရေန၊ အသင့်အတင့်နှလုံးသွင်းသဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ထင်ထင် ပြုနိုင်၏။ (ဤကားယောဇနာ)

ဤပါဠိ၌ "ဒွေကင်္ဃာနိ သံဃဋ္ဋေန္တော အဂ္ဂိံ အဓိဂစ္ဆတိ" ဟူသောပါဠိဖြင့် မီးကို အလိုရှိသောသူသည် ဒုဋ်နှစ်ချောင်းတို့ကိုပွတ်တိုက်သည်ရှိသော်မျက်မှောက်ထင်ထင် မီးဖြစ်လာ၍မြင်ရသကဲ့သို့ပုညသမ္ဘာရရှိသော ယောဂီပုဂ္ဂိုလ်သည် ယောနိသောမသိကာရ အားဖြင့် ဝိပဿနာကိုပွားသည်ရှိသော်မျက်မှောက်၌ပင် နိဗ္ဗာန်သည် ထင်ရှားစွာ ပေါ်လာ၏ဟူသော အဓိပ္ပါယ်ကို ပြသည်။

စကြာမင်းမှာရတနာဖြစ်လာသည့်ပမာ

မင်းကြီး....ဥပမာတနည်းကား- လောက၌ စကြာရတနာ, ဆင်ရတနာ, မြင်းရတနာ, ပတ္တမြားရတနာ, မိဖုရားကြီး ရတနာ, သူဌေးကြီး ရတနာ, သားကြီး ရတနာ ဟုဆိုအပ်ကုန်သော ရတနာခုနစ်ပါး တို့သည် ထင်ရှားရှိကုန်၏၊ သိုမှီးရာအရပ်ကားမရှိ၊ ထိုသို့မရှိသော်လည်း ဆည်းပူးအပ်သော ပုညသမ္ဘာရရှိသော သူသည် စကြာမင်းတို့ ကျင့်အပ်အော ကျင့်ဝတ်ဆယ့်နှစ်ပါးကို ကျင့်သဖြင့် မျက်မှောက်မျက်မြင် ပေါ်လာ ထင်ရှား၍ သုံးဆောင်ခံစားရသကဲ့သို့ဟု ဥပမာကိုဆိုပြီး၍ ဥပမေယျကို ထင်စွာပြခြင်းငှာ-

ဝေ မေဝ ခေါ မဟာရာဇ အတ္ထိ နိဗ္ဗာနံ၊ နတ္ထိ တဿ သန္နိဟိတော ကာသော၊ သမ္မ ပဋိပန္နော ယောနိသောမနသိကာရေန သင်္ခါရာနံ ဥဒယဗ္ဗယံ သမ္မသာမာနော နိဗ္ဗာနံ သစ္ဆိကရောတီတိ။

ဟူ၍ မိန့်တော်မူ၏။

[မိလိန္ဒပဥှာ ၁၁၁း ပေ ညှိချပ်၊ ဥပမာပါဠိကိုကျယ် အံ့စိုး၍ မရေးလိုက်ပြီ၊ အလိုရှိလျှင် မိလိန္ဒပဥှာ၌ရှု။]

မဟာရာဇ၊ မင်းကြီး။ ဝေ မေဝ ခေါ၊ ဤရတနာ ခုနစ်ပါးအတူသာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုနိဗ္ဗာန်၏။ သန္နိဟိတော ကာသော၊ စုဝေးသိုမှီးရာ အရပ်သည်။ နတ္ထိ၊ မရှိ။ ပန–တထာပိ၊ ထိုသို့မရှိသော်လည်း။ သမ္မာပဋိပန္နော၊ ကောင်းစွာ ကျင့်သော သူသည်။ ယောနိသော မနသိကာရေန၊ အသင့်အတင့်နှလုံးသွင်းသဖြင့်။ သင်္ခါရာနံ၊ သင်္ခါရတို့ ၏။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်း ပျက်ခြင်းဘေးကို။ သမ္မသာ မာနော၊ ကောင်းစွာမြင်သည်ဖြစ်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ထင်ထင်ပြုနိုင်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ (ဤကား ယောဇနာ)

မေး။ ။ထိုအခါ မင်းကြီးက "အရှင်ဘုရား နာဂ သိန်....ထိုနိဗ္ဗာန်၏ စုဝေး၍ တည်ရာအရပ် မရှိသည် ဖြစ်စေ၊ အကြင်အရပ်ဒေသ၌ တည်လျက်ကောင်းစွာ ကျင့်သောသူသည် နိဗ္ဗာန်ကို မျက်မှောက် ပြုရာ၏၊ ထိုအရပ်ဒေသသည် ရှိသလော" ဟု မေးပြန်သော်–

ဖြေ။ ။"မင်းကြီး....ဆောက်တည်အပ်သော သီလ သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရာ အရပ်တည်း၊သီလ၌ တည်လျက် ကောင်းစွာနှလုံးသွင်းသောသူသည် မိမိ၏ တောအရပ် အစ ရှိသော တစုံတခုသော အရပ်၌ နေသော်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏"၊ ဤသို့ စသည်ဖြင့် ဆိုသည်ရှိသော် "အရှင်ဘုရား....ကောင်းလှ ပေ၏၊အရှင်ဘုရား၏စကားကို တကာဇတော်ဝန်ခံပါ၏" ဟု ဆို၏။

အရောင်တလျှပ်လျှပ်နိဗ္ဗာနခေတ်

ဤစကားအစဉ်တို့တွင် ရှေးဥပမာဖြင့် နိဗ္ဗာန်၏ လဝန်း, နေဝန်းအရောင် တန်ဆောင်ဆီမီး ပမာ အရောင်အဝါလွန်ကဲစွာသော အခြင်းအရာနှင့်ဘကု ထင်ရှားပေါ်လာသည်ကို ပြသည်၊ နောက်ဥပမာဖြင့် ပြဟ္မာမင်း၏ ဘုံဗိမာန်မျှမက နှလုံး မွေလျော်ဘွယ် အဆန်းဆန်း ရတနာအတိပြီးသော နိဗ္ဗာန်ဘုံနန်း အခြင်းအရာနှင့် တကွ ထင်ရှား ပေါ်လာ သည်ကို ပြတော်မူသည်၊ ကျမ်းဂန်တို့၌ ဥပမာနှစ်ပါးစသည်ကို ပြသည်ရှိသော် ရှေးဥပမာ,နောက်ဥပမာဖြင့်ဥပမေယျ အနက်ထူးသည်၏အဖြစ်ကို သိစေခြင်းငှာရင်း, ဥပမေ ယျ အနက် ထင်ရှားစေခြင်းငှာရင်း ဥပမာ နှစ်ပါး စသည်ကိုပြမြဲဖြစ်သည်။

နိဗ္ဗာန်အလင်းကွယ်နေခြင်း

ပုံကား။ ။အဝိဇ္ဇာ့ မဟာဂဟဏံ ဝိယ မဟာဒုဂ္ဂံ စ
အန္ဓကာရံ အဝိဘူတံ ဟောစတိ။

[ဤကား နေတ္တိအဋ္ဌကထာ သောနေယှာရဝိဘင်္ဂဝဏ္ဏနာ ၁၆၈ ပေ ညာချပ်၌ လာသောပုံတည်း။]

မနောဝိညာဏဓာတု ဂဟိတာရမ္မဏံ မုဋ္ဌိတွာပိ အညံ ဂဟေတွာဝ ပဝတ္တနတော ဝနမက္ကဋောဝိယ၊ ဒုဒ္ဒမနတော အဿခလုင်္ကောဝိယ၊ယတ္ထကာမနိပါတိတော ဝေဟာသံ ခိတ္တ ဒဏ္ဍောဝိယ၊ လောဘ ဒေါသာဒိနာနပ္ပကာရ ကိလေသ ယောဂတော ရင်္ဂနဋော ဝိယ ဒဋ္ဌဗ္ဗာတိ။

[ဤကား သမ္မောအဋ္ဌကထာ ဓာတု ဝိဘင်္ဂဝဏ္ဏနာ ၁၆၈ ပေ ဂိချပ်၌ လာသောပုံတည်း။]

အဝိဇ္ဇာ့၊ သစ်မြစ်နွယ်ကြိမ် ရှက်လိမ် ရှုပ်ထွေးသည် ဖြစ်၍ ဖြေထွင်နိုင်ခဲသော။ မဟာဂဟဏံဝိယစ၊ တော အုပ်ကြီးကဲ့သို့ရင်း။ မဟာဒုဂ္ဂံဝိယစ၊ ကြီးကျယ် ရှည်လျား မြားမြောက်သည်ဖြစ်၍ ကူးမြောက်နိုင်ခဲသော တောကြီးကဲ့သို့ရင်း။ အန္ဓကာစရံ၊ အမိုက်တိုက်သည်။ ဟုတ္တွာ၊ဖြစ်၍။ လောကော၊လောကသည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာဖြင့်။ အဝိဘူတံ၊ မထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။(ဤကား ရှေးပါဌ်၏ယောဇနာ)

မနောဝိညာဏဓာတု၊ မနောဝိညာဏဓာတ်သည်။ ဝါ၊မနောဝိညာဏဓာတ်ကို။ ဝါ၊မနောဝိညာဏဓာတ်

၏။ ဂတိတာရမ္မဏံ၊ ယူအပ်သောအာရုံကို။ မုဉ္စိတွာပိ၊ လွှတ်၍လည်း။ အညံ၊ တပါးသောအာရုံကို။ ဂဟေတွာဝ၊ ယူ၍ သာလျှင်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ဝနမက္ကဋောဝိယ၊ တောမျောက်ကဲ့သို့ရင်း။ ဒုဒ္ဒမနတော၊ ဆုံးမနိုင်ခဲသောကြောင့်။ ဝါ၊ ထိန်းသိမ်းနိုင်ခဲသောကြောင့်။ အဿခလုင်္ကောဝိယ၊ မြင်းကျဏ်းကဲ့သို့ရင်း။ ယတ္ထကာမနိပါတိတော၊ အကြင်အာရုံ၌ အလိုရှိရာ ကျတတ်သောကြောင့်။ ဝေဟာသံ၊ ကောင်းကင်သို့။ ခိတ္တဒဏ္ဍောဝိယ၊ ပစ်အပ်သောလှံတံကဲ့သို့ရင်း။ လောဘဒေါသာဒိနာနပ္ပကာရကိလေသယောဂတော၊ လောဘ ဒေါသစသော အထူးထူးအပြားပြား များသော ကိလေသာနှင့် ယှဉ်သောကြောင့်။ ရင်္ဂနဋ္ဋောဝိယ၊ သဘင်ကချေသည်ကဲ့သို့ရင်း။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ (ဤကား နောက်ပါဠိ၏ ယောဇနာ၊ ဤပုံဥပမာတို့ လာသည်ကိုထောက်ရှု၍ ရဟန္တာမြတ် ရှင်နာဂသိန်၏ ဥပမာအနက် ထူးဟန်ကိုလည်းသိ။)

နိဗ္ဗာန်၏ဂုဏ်ပုဒ်များ

အနိဒဿနံ နိပ္ပပဉ္စဉ္စ၊ သန္တံအမတံ၊ ပဏီတဉ္စ။
သိဝဉ္စ ခေမံ တဏှက္ခယော အစ္ဆရိယဉ္စ
အဗ္ဘုတံ။

[ဤကား နေတ္တိဝေဝစနာဟာရ၌လာသော ပါဠိတော် ၁၁ ပေ ခ်ီချပ်၊ နိဗ္ဗာန်၏ဂုဏ်ပုဒ်အများတို့တွင် လိုရာ ဤဆယ်ပုဒ် ကိုသာရွေးနုတ်၍ ထုတ်လိုက်သည်၊ အကြွင်းကိုအလိုရှိလျှင် ထိုဟာရမှာရှု။]

(၁) အနိဒဿနံ၊ အရိယာပုဂ္ဂိုလ်တို့သာ မြင်အပ် သိအပ်ကုန်သည် ဖြစ်၍ ဇနပုဂ္ဂိုလ် တို့သည် နေလကို မမြင်မသိနိုင်သကဲ့သို့ ဇစ္စန္ဓဟု ဆိုအပ် ကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မံသစက္ခု၊ ဒိဗ္ဗစက္ခုဖြင့် နိဗ္ဗာန်ကို မမြင် မသိ နိုင်ခြင်း အနိဒဿနဂုဏ်လည်းရှိ၏။

(၂) နိပ္ပပဉ္စ၊ သံသရာကို ကျယ်စေ တတ်သော တဏှာ မာန ဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရား သုံးပါးလည်းမရှိခြင်း နိပ္ပပဉ္စ ဂုဏ်လည်းရှိ၏။

(၃) သန္တံ၊ငြိမ်သက်တည်ကြည်ခြင်း သန္တဂုဏ်လည်း ရှိ၏။

(၄) အမတံ၊စုဋေတေ့ ရွေ့လျောခြင်းမရှိသော အမတ ဂုဏ်လည်းရှိ၏။

(၅) ပဏီတဉ္စ၊ မွန်မြတ်ခြင်းပဏီတဂုဏ်လည်းရှိ၏။

(၆) သိဝဉ္စ၊ ကမ္မဝဋ္ဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တို့၏မရှိခြင်းကြောင့်ရင်း၊ဝါ—ရာဂမီး၊ ဒေါသ မီး၊ မောဟမီး၊ ပဋိသန္ဓေနေရခြင်းမီး၊ အိုရခြင်း မီး၊ နာရခြင်းမီး၊ သေရခြင်းမီး၊ စိုးရိမ်ပူဆွေး ရခြင်းမီး၊ ဒုက္ခမီး၊ နှလုံး မသာယာခြင်းမီး၊ သက်ကြီး ရှိုက်ဆင် ပင်ပန်း ရခြင်းမီး ဟု ဆိုအပ်သော တဆဲ့တပါး သောမီး မရှိခြင်း ကြောင့်ရင်း ချမ်းခြေင်းသိဝဂုဏ်လည်းရှိ၏။

(၇) ခေမဉ္စ၊ တစုံတခုဘေးမရှိခြင်း ခေမဂုဏ်လည်း ရှိ၏။

(၈) တဏှက္ခယောစ၊ တဏှာ၏ ကုန်ခြင်း တဏှက္ခယဂုဏ်လည်း ရှိ၏။

(၉) အစ္စန္တရိယဥ္စ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသော သူတို့သည် ရှေးရှေးသောကာလ၌ တကြိမ် တခါမျှ မမြင်ရဘူးသော အဆန်းတကြယ် သော နိဗ္ဗာန်ဘုံဗိမာန်ကို ပစ္ဆိမဘဝ ဤကာလ၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ ဖြင့် တရံတခါသာလျှင် မြင်အပ်သည်၏အဖြစ် ကြောင့် လက်ဖျစ်တွံတီး အံ့ခြီးချီးမကုန်နိုင် သောအစ္စန္တရိယဂုဏ်လည်း ရှိ၏။

(၁၀) အဗ္ဘုတဥ္စ၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ တရံ တခါ မဖြစ်ဘူးမြဲ အထူးအဆန်း အခန်းခန်း ဖြစ်လာခြင်း အဗ္ဘုတ ဂုဏ်လည်း ရှိ၏။ (ဤစာ: ဓမ္မန္တယဲယောဇနာ၊ အဗ္ဘုတပုဒ်၏ အနက်ကို "အဗ္ဘုတပုဗ္ဗံ ဘူတံ" ဟု သဒ္ဒနီတိ ဖွင့်အပ်သည်နှင့် အညီယောဇနာ။)

မီး ၁၁-ပါး ငြိမ်းရာ သိဝမည်သော နိဗ္ဗာန်

ထိုဂုဏနာမ်တို့တွင် သိဝံ-ဟူသော ပုဒ်ဖြင့် ဘုရား အလောင်းတော် ငုမ်းမင်းဖြစ်စဉ် ကာလ အမွေး အတောင် မပေါက်မရောက်မီ တောမီးကြီးစွာ လောင် ၍လာသောအခါ မိဘတို့သည် ထိတ်လန့်ကြောက်ရွံ့ ပစ်စွန့်၍ ပျံ့သွားကြသည်ရှိသော် ထိုငုမ်းသူငယ်သည် မပျံမသွားနိုင်သည်ဖြစ်၍ရှေးဘုရားတို့၏ ဂုဏ်ကျေးဇူး

ကိုအောက်မေ့ဆင်ခြင်၍ သီလသာစွာကိုယ်နှုတ်နှလုံးသုံးပါးတို့၏စင်ကြယ်ခြင်း, သတ္တဝါတို့အား သနားခြင်းကရုဏာဟုဆိုအပ်သော လေးပါးအမှုန်သစ္စာကို ပန်သဖြင့်ကေန်မယှဉ်းတဆယ့်ခြောက်မင်းပယ်စားသော အရပ်ကိုမီးရှောင်ကွင်း၍သွားလေလျှင်ငုမ်းမင်းနှင့် တကွများစွာသော သတ္တဝါတို့သည် မီးဘေးမှ ချမ်းသာရကြရာ အရပ်ကဲ့သို့ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံးတဆယ့်တပါးသောမီးတို့၏ကင်းငြိမ်းရာအရပ်ကို တောင့်တ၍ ဖြည့်ကျင့်တော်မူသော ပါရမီတော် အာနုဘာဝ် အစွမ်းကြောင့် ပစ္ဆိမဘဝ ဤအခါ၌ အရိယာပုဂ္ဂိုလ်အပေါင်းနှင့်တကွ ဘုရားကိုယ်တော်မြတ်သည် ရသိတော်မူအပ်သော တဆယ့်တပါးသောမီး၏ ကင်းရာ နိဗ္ဗာန်ပြည် ဌာန အရပ်တည်းဟု အမိပ္ပါယ်ကိုပြတော်မူသည်။

အထူးအဆန်းအံ့ဘွယ်ပေါ်လာသော နိဗ္ဗာန်

အဗ္ဘုတံ-ဟူသော ဂုဏ်ပုဒ်ဖြင့် နိဗ္ဗာန် ပေါ်လာသောအခါ ပရမတ္ထသဘာဝအားဖြင့် သာမည ပေါ်လာသည် မဟုတ်၊ ထိုနိဗ္ဗာန်၏ အာနုဘာဝ်အားဖြင့် နတ်ဘုံ, ဗြဟ္မာဘုံတို့နှင့် မပြိုင်သာ မနှိုင်းသာသော ဘုံဗိမာန် အခြင်းအရာ အာနိသံသ ဖလနှင့်တကွ ထင်ရှားပေါ်လာ၏ ဟူသော အဓိပ္ပါယ်ကိုမှတ်၊ ဤသို့ နိဗ္ဗာန်၏ အထူးအဆန်း ပေါ်လာခြင်းသည် နိဗ္ဗာန်၏ အစိန္တေယျဂုဏ်တမျိုးပင် ဖြစ်သည်၊ ပုံကား—စကြာရတနာ ရထား ပေါ်လာသော အခါ ရထား

သက်သက်သာ ပေါ်လာသည်မဟုတ်၊ ထိုရုပ်ထား၏ အာနုဘာစ၀် အစွမ်းဖြင့် နတ်ဘုံ ဗိမာန်နှင့် တကွ ပေါ်လာသကဲ့သို့ရှင်း, ၎က်တို့ပေါ်လာသော အခါ ၎က်ခန္ဓာကိုယ်သက်သက်သာ ပေါ်လာသည် မဟုတ်၊ ၀ိပါကဇိဒ္ဓိအားဖြင့်အမွေးအတောင်တို့လည်း ပေါက် ရောက်လာသကဲ့သို့ရှင်း မှတ်အပ်၏။

နိဗ္ဗာန်ပြည်မြတ်ဟု ခေါ်ဆိုအပ်ကြောင်း

နတ္ထိ ဇာတိ ဇရာ ဗျာဓိ၊
မရဏဉ္စ မဟာမုနေ။
အဇရာ မရဏံ ပုရံ၊
ဂမိဿာမိ အသင်္ခတံ။ ။

[ဤကား လေးသောင်းကျော် ဘော်ရွှေတို့ထိပ် တင် အရှင်သခင်မ ရာဟုလာမယ်တော် ရဟန္တာ အရှင်မ အပဒါန်ပါဠိတော် ၁၁း ပေ ၃၃ချပ်။]

မဟာမုနေ၊ ဘုရားမြတ်။ ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ဇာတိဇရာဗျာဓိမရဏဉ္စ၊ ပဋိသန္ဓေနေရခြင်း, အိုခြင်း, နာခြင်း, သေခြင်းသည်လည်း။ နတ္ထိ၊ မရှိ၊ အဇရံ၊ အိုခြင်းလည်း မရှိသော။ အမရဏံ၊ သေခြင်းလည်း မရှိသော။ အသင်္ခတံ၊ အကြောင်းတရားလေးပါးတို့ သည် ပြုပြင် စီရင်ခြင်းလည်း မရှိသော၊ တံပုရံ၊ ထိုနိဗ္ဗာန် ပြည်ကြီးသို့၊ ဂမိဿာမိ၊ သွားပါအံ့။ (ဤကား ဓမ္မနွယယောဇနာ)

ဤပါဠိ၌ ပုရံ-ဟူသောပုဒ်ဖြင့် နတ်ပြည်, ဗြဟ္မပြည် တို့ဖြင့် မပြိုင်သာ မနိုင်းသာ ထင်လာမြင်လာသော

အဆန်း တကြယ်သော နိဗ္ဗာန်ပြည်ကြီးသို့ ဘုရားတပည့်တော်မ သွားပါတော့အံ့ဟူသော အဓိပ္ပါယ်ကို ပြသည်။

ဘေးကင်းရာမှန် ပြည်နိဗ္ဗာန်

သဒ္ဓမ္မပဇ္ဇောရသတ္တံ၊
ဒတွာ ပါပနိဝါရဏံ။
ပါပယိတွာ အဘယပုရံ၊
နိဗ္ဗုတော သော သသာဝကော။ ။

[ဤကား ဗုဒ္ဓဝင်ပါဠိတော် ၁၀း ပေ ဂို-ချပ်၌ လာသော ဂါထာပါ၌။]

ပါပနိဝါရဏံ၊ အကုသိုလ်တည်း ဟူသော နေပူကို တားမြစ်တတ်သော။ သဒ္ဓမ္မပဇ္ဇောရသတ္တံ၊ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကို။ ဒတွာ၊ ပေးတော်မူ၍။ မဟာဇနံ၊ ဗောဓေယျသတ္တဝါအပေါင်းကို။ အဘယပုရံ၊ ဘေးမရှိရာ နိဗ္ဗာန်ပြည်သို့။ ဝါ၊ မဂ္ဂင်ရှစ်ပါးတို့ဖြင့် ရောက်အပ်သော ဘေးတို့ကင်းရာ နိဗ္ဗာန်ပြည်သို့။ ပါပယိတွာ၊ ရောက်စေတော်မူ၍။ ဝါ၊ ပို့ဆောင်တော်မူပြီး၍။ သော၊ ထိုကဿပမြတ်စွာဘုရားသည်။ သသာဝကော၊ တပည့်သား သံဃာတော်နှင့်တကွ။ နိဗ္ဗုတော၊ နိဗ္ဗာန် စံဝင်တော်မူလေပြီ။ (ဤကား ဓမ္မန္တယယောဇနာ)

အဘယပုရံ-ဟူသော ပါဌ်ဖြင့် နတ်ပြည်၊ ဗြဟ္မပြည်တို့ဖြင့် မပြိုင်သာ မနှိုင်းသာ ထင်လာမြင်လာသော

အဆန်း တကြွယ်သော နိဗ္ဗာန် ပြည်ကြီး တည်းဟု အမိပ္ပါယ်ကိုပြတော်မူသည်။

တရားပြည့်လျှံ မြို့နိဗ္ဗာန်

မာပေယိ နဂရံ သတ္ထာ၊

သဒ္ဓမ္မပူရ မုတ္တမံ။

[ဤကား ဗုဒ္ဓဝံသ ပါဠိတော် ၁၀း ၆ ပေကံချပ်။]

သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော် မူသော၊ သောမုနိ၊ ထိုသုမန မြတ်စွာဘုရားသည်။ သဒ္ဓမ္မပူရံ၊ ဗောဓိပက္ခိယ တရား ရတနာတို့ဖြင့်ပြည့်သော။ ဥတ္တမံ၊ မြတ်သော။ နဂရံ၊ အရိယာ ပုဂ္ဂိုလ်တို့၏ တည်ရာ အာရုံပြုရာ နေရာ ဖြစ်သော နိဗ္ဗာန် မြို့ကြီးကို။ ဗောဓေယျာနံ၊ကျွတ်ထိုက်ကုန်သော သတ္တဝါတို့အား။ မာပေယိ၊ မျက်မှောက်ထင်ထင် မြင်စေတော် မူပြီ။ (ဤကား မေ့ဒ္ဓယၚ ယာဇနာ)

အရိယာတို့တည်ရန် မြို့နိဗ္ဗာန်

ပဋိဝိဒ္ဓဓမ္မသဘာဝါနံ သေခါ သေခါနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာန ဂေါစရနိဝါသန-ဋ္ဌာနတ္တေန နိဗ္ဗာနံ နဂရန္တိ ဝုစ္စတိ။

[ဤကား ဗုဒ္ဓဝံသ အဋ္ဌကထာ ၁၀း ပေ နိချပ်၌ လာသော ပါဌ်။]

ပဋိဝိဒ္ဓဓမ္မသ ဘာဝါနံ၊ ထိုးထွင်း၍ သိအပ်သော တရားသဘောရှိကုန်သော။ သေခါသေခါနံ၊ သေက္ခ,

အသေက္ခ ဖြစ်ကုန်သော။ အရိယပုဂ္ဂလာနံ၊ အရိယာ ပုဂ္ဂိုလ်တို့၏။ ပတိဋ္ဌာနဥဂါစရ နိဝါသနဋ္ဌာနဘူတ္တေန၊ တည်ရာဟူသော အနက်, အာရုံပြုရာဟူသော အနက်, နေရာဟူသော အနက်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ နဂရန္တိ၊ နဂရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား မမ္မန္တယယောဇနာ)

ဤပါဠိဖြင့်ထိုးထွင်း၍သိအပ်သော တရားသဘော ရှိကုန်သော၊ သေက္ခ, အသေက္ခဖြစ်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့၏ မွေ့လျော် စံပျော်ရာ ဖြစ်သော အနက် ကြောင့် တည်ရာ, အာရုံပြုရာ ဖြစ်သော နတ်ပြည်, ဗြဟ္မပြည်နှင့် မပြိုင်သာ မနိုင်းသာ ထင်လာမြင်လာ သော အဆန်း တကြယ်သော နိဗ္ဗာန် ပြည်ကြီးကို နဂရ–မြို့ကြီးဟူ၍ဆိုသည်။

ဤသို့ နိဗ္ဗာန်ကိုပုရံဟူ၍၎င်း, နဂရံဟူ၍၎င်း ဟော တော်မူအပ်သော ဘုရား, ရဟန္တာတို့၏ စကားသည် အနက်ဒြဗ်မရှိသော“ဝဍ္ဎျာပုတ္တော ခံပုပ္ဖံပိလန္ဓိတွာ” ဟူသောစကားကဲ့သို့မမှတ်လင့်။ ဝဍ္ဎျာပုတ္တော၊မိန်းမ မြုံသားသည်။ ခံပုပ္ဖံ၊ကောင်းကင်ပန်းကို။ ပိလန္ဓိတွာ၊ ပန်၍။ (ဤကား ယောဇနာ)

နိဗ္ဗာန်ကို မြို့-ပြည်ဟုတင်စားခေါ်ခြင်း

မဂ်,ဖိုလ်,ပစ္စဝေက္ခဏာဉာဏ်တို့ ဖြင့်ရှုမြင်အပ်သော နိဗ္ဗာန်သည် နတ်ပြည်, ဗြဟ္မပြည်၌ ဗိမာန်ဘုံနန်းကြီး ကဲ့သို့ ထင်လာ မြင်လာသော အခြင်းအရာ သဒိသ ဘာဝ်ကိုစွဲ၍ ပုရံ, နဂရံဟု ဟောတော်မူသည်ဟုမှတ်။

ဣဒံ ပစ္ဆိမကံ မယှံ၊
လောကနာထဿ ဒဿနံ။
န ပုနော အမတာကာရံ၊
ပဿိဿာမိ မုခံ တဝ။ ။

[ဤကား မိဖွေးတော်ဂေါတမီအပဒါန်ပါဠိတော် ၁၁း ပေ၃၅၁ချုပ်။]

လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော သားတော် သခင် ဘုရားရှင်အား။ မယှံ၊ မျိုးမြတ်သာကီ ဂေါတမီဟု ကြူးချီသည့် မယ်မယ်ငါ၏။ ဣဒံ ဒဿနံ၊ ဤယခု ဖူးမြင်ရခြင်းသည်။ ပစ္ဆိမကံ၊ အဆုံးစွန်သော ဖူးမြင်ရခြင်းတည်း။ မဟာမုနေ၊ ဘုရားမြတ်။ ပုနော-ပုန၊တဖန်။ အဟံ၊ မယ်မယ် ငါသည်။ တဝ၊ လူသုံးပါးတို့၏ ထိပ်တင် သားတော်ရှင်၏။ အမတာကာရံ၊ အမြိုက် အခြင်းအရာရှိသော။ ဝါ၊ မသေသောအခြင်းအရာ သဏ္ဌာန်ရှိသော။ မုခံ၊ သုံးဆဲ့နှစ်ဖြာ လက္ခဏာအလင်္ကာတို့ဖြင့် တန်ဆာတင် အပ် မြတ်သောရွှေမျက်နှာတော်ကို။ န ပဿိဿာမိ၊ မဖူးမြင်ရတော့အံ့။ (ဤကား ဓမ္မန္တယယောဇနာ)

ဤပါဠိဖြင့်ပစ္စက္ခဘဝ ဤကာလကိုသာ ရည်မှတ်၍ ဆိုအပ်သည်၊ နိဗ္ဗာန်သို့ ကြွရောက်သော အခါကို ရည်မှတ်၍ မဆိုအပ်၊ ဤကာလမှတပါး နောက်တဖန် ဤပစ္စက္ခဘဝ၌ မဖူးမြင်ရပြီ၊ နိဗ္ဗာန်သို့ ရောက်သော အခါမှသာ သုံးလူ့ထိပ်တင် သားတော်ရှင်ကို ဖူးမြင် ရတော့မည်ဟု ဆိုလိုသည်၊ ဤမှတပါး ဤကဲ့သို့သော အရာတို့၌လည်း ဤနည်းကိုမှီး၍သိ။

ဘုရားရဟန္တာ သေသည်ဟူ၍မဆိုရာ

ထိုနိဗ္ဗာန်ပြည်ကြီးသို့ ကြွသွားတော်မူသော မြတ်စွာဘုရားကိုရင်း,ရဟန္တာတို့ကိုရင်း သေသည်ဟူ၍ မဆိုအပ် မဆိုထိုက်၊အကြောင်းမှာ အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ဖြင့်သေခြင်း၏အကြောင်းကိုကောင်းစွာမယွင်းအကြွင်းမဲ့ ပယ်အပ် ပြီးသည်၏ အဖြစ်ကြောင့်ရင်း, ထိုဘုရားရဟန္တာတို့ စုတိသောအခါ၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုသော မရဏာသန္နဇောမရှိခြင်းကြောင့်ရင်း သေသည် ဟူ၍ မဆိုအပ် မဆိုထိုက်။

ရဟန္တာတို့မှာ ဝိပဿနာအာရုံစသည်ဖြင့် ထင်တိုင်းသော အာရုံကိုသာ အာရုံပြု၍ဇောဖြစ်သည်၊ မရဏာသန္နဇောဟု မဆိုအပ်၊ မရဏာသန္နဇောဟူသည် ကံ,ကမ္မနိမိတ်, ဂတိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြုမှ မရဏာသန္နဇောဟု ဆိုအပ်သည်၊ပုံကား- ဘုရား၌ကဲ့သို့မှတ်၊ဘုရား, ရဟန္တာတို့၌မရဏာသန္နဇောဟုဆိုခြင်းသည် ရုဋ္ဌီစကားမျှသာ ဖြစ်သည်၊ အန္တတ္ထစကား မဟုတ်၊ သမုစ္ဆေဒမရဏအားဖြင့်သာ ဘုရား, ရဟန္တာတို့မှာ ပဋိသန္ဓေနှင့် တူသော အာရုံတို့သည် ဖြစ်၍စုတိစိတ်ဖြစ်သည်။

သမုစ္ဆေဒမရဏဟူသည် သေခြင်းကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းကို ဆိုသည်၊ သမုစ္ဆေဒ မရဏဟူသော ပုဒ်ကို "မရဏဿ သမုစ္ဆေဒံ သမုစ္ဆေဒမရဏံ" ဟု ဝစနတ်ပြု။ ။မရဏဿ၊ သေခြင်းကို။ သမုစ္ဆေဒံ၊

အကြွင်းမဲ့ ပယ်ဖြတ်ခြင်း၊ သမုစ္ဆေဒမရဏ၊သေခြင်းကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်း။စုတိစိတ်ကိုရစေ။

နိဗ္ဗာန်ကို အာရုံယူ၍ ပရိနိဗ္ဗာန်ပြုခြင်း

မြတ်စွာဘုရားသည် အနုလောမ, ပဋိလောမအားဖြင့် ကုဋေနှစ်ဆဲ့ လေးသိန်းကုန်သောစျာန်သမာပတ်တို့ကိုဝင်စား၍ စတုတ္ထစျာန်မှထ၍ စျာနင်တို့နှင့် တကွ နိဗ္ဗာန်ကို တပေါင်းတည်း အာရုံပြုဆင်ခြင်၍ ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသည်။

> စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗာယိ။

[ဤကား သုတ်မဟာဝါပါဠိတော် ၉၄ ပေ စုချပ်]

စတုတ္ထဇ္ဈာနာ၊ စတုတ္ထစျာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ သမနန္တရာ၊ထသည်၏အခြားမဲ့၌။စျာနင်္ဂါနိ စ၊ စျာနင်တို့ကိုလည်း။သန္တိံ စ၊နိဗ္ဗာန်ကိုလည်း။ ကေတော၊တပေါင်းတည်း။အာရမ္မ၊ အာရုံအားဖြင့် စွဲမှတ်ဆောက်တည် ရည်မှတ်၍။ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ဤအရာ၌မြတ်စွာဘုရားသည် တပါးသော ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့်မတူ၊ စျာနင်နှင့်တကွ နိဗ္ဗာန်ကို တပေါင်းတည်းအာရုံပြုနိုင်ခြင်းသည် ဘုရား၏အစိမ္မေယျ ဂုဏ်တမျိုးပင် ဖြစ်သည်။ ဤကားဆိုလတ္တံ့သော အဋ္ဌကထာပါဠိတို့နှင့် အညီ ယောဇနာအပ်သည်။

ဤယောဇနာဝယ် စျာနင်တို့နှင့်တကွ နိဗ္ဗာန်ကို တပေါင်းတည်း အာရုံပြုသည်ဟူရာ၌—

(၁) "ဈာနင်္ဂါနိ ပစ္စဝေက္ခိတွာ"
ဟူ၍လာသောအဋ္ဌကထာပါဠိ၊

(၂) အနေဇောတိ တဏှာသင်္ခါတာယ ဧဇာယ အဘာဝေန အနေဇော၊ သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ၊ ယံ ကာလမကရီတိ ယံကာလံ အကာရိ၊ ကြွဒ် ဝုတ္တံ ဟောတိ"ဟူ၍ အနုရုဒ္ဓါထေရ ဂါထာအဖွင့် ၆ုးပေ ပေါ်ချပ်၌ လာသော သုတ် မဟာဝါ အဋ္ဌကထာပါဠိ၊ ဤပါဠိတို့ကိုထောက်၍ရင်း၊

(၃) ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။ ဉေယျဓမ္မေသု သဗ္ဗေသု၊ ယထာရုစိ ပဝတ္တိတ္ထ။ ။ဟူ၍ လာသော အဋ္ဌသာလိနီ ပဏာမ ဂါထာကို ထောက်၍ရင်း၊ ရှေးသုတ်မဟာဝါ ပါဠိတော်၌ ဈာနင်္ဂါနှင့် တကွ နိဗ္ဗာန်ကို တပေါင်းတည်း အာရုံပြုသည်ဟုအနက် ယောဇနာခဲ့သတည်း။

(၁) ဈာနင်္ဂါနိ၊ ဈာနင်တို့ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။

(၂) အနေဇောတိ၊ ဟူသည်ကား။ တဏှာ-သင်္ခါတာယ၊ တဏှာဟု ဆိုအပ်သော။ ဧဇာယ၊ လောဘ၏။ အဘာဝေန၊ မရှိသောကြောင့်။ အနေ-ဇော၊ တဏှာလောဘမရှိသော။ သောမုနိ၊ ထိုမြတ်စွာဘုရားသည်။ သန္တိမာရဗ္ဘာတိ၊ ဟူသည်ကား။ အနုပါဒိသေသံ၊ ကမ္မဇရုပ် အကြွင်း မရှိသော။

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊ အာရဗ္ဘ၊ အကြောင်း ပြု၍။ ပဋိစ္စ၊စွဲ၍။ သန္ဒာယ၊ ရည်၍။ ယံကာလမကရိတိ၊ ဟူသည်အား။ ယံကာလံ၊ အကြင် စုတိစိတ်ကို။ အကရိ၊ ပြုတော်မူ၏။ဣဒံ–သောအဓိပ္ပါယ၊ဤသို့သောအဓိပ္ပါယ်ကို။ ဝုတ္တံ-ဝုတ္တော၊ဆိုလိုသည်။ဟောတိ၊ ဖြစ်၏။ (ဤကား ယောဇနာ)

(၃) ယသ္မာမဟေသိနော၊ အကြင်မြတ်စွာ ဘုရား၏။ ကရုဏာ၊ မဟာကရုဏာတော်သည်။ သတ္တေသု၊ သုခိတ, ဒုက္ခိတ သတ္တဝါတို့၌။ ယထာရုစိ၊ အစိတ်အပေါင်းအားဖြင့် အလိုတော်ရှိတိုင်း။ဝါ၊ အလိုတော်အားလျော်စွာ။ ဝါ၊ အလို တော်ကို မလွန် မူ၍၊ ပဝတ္တိတ္တဝိယ၊ ဖြစ်လေ၏သို့။ ပညာပိ၊ သဗ္ဗညုတဉာဏ်တော်သည်လည်း။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဉေယျဓမ္မေသု၊ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်ဟုဆိုအပ်ကုန်သော ဉေယျဓံတရားငါးပါးတို့၌။ ယထာရုစိ၊ အစိတ်အပေါင်း အားဖြင့် အလိုတော်ရှိတိုင်း။ ဝါ၊ အလိုတော်အားလျော်စွာ။ ဝါ၊ အလိုတော်ကို မလွန်မူ၍။ ပဝတ္တိတ္တ၊ ဖြစ်တော်မူလေပြီ။ ။ (ဤကား ယောဇနာ)

ပဋိသန္ဓိဆာဝဂ်ဂ္ဂ၊
တထာ စဝနမာနသံ၊
ကေမေဝ တထေဝေကာ။
ဝိသယဇ္ဈောဇာတိယံ။

[ဤကား အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာပါဠ်။]

ကော်ဇာတိယံ၊ တခုတည်းသောဘဝ၌။ ပဋိသန္ဓိစ၊ ပဋိသန္ဓေစိတ်သည်၎င်း။ ဘဝင်္ဂ၊ ဘဝင်စိတ်သည်၎င်း။ တထာ၊ထို့အတူ၊ စဝနမာနသဉ္စ၊ စုတိစိတ်သည်၎င်း။ ကောမေဝ၊ ဘုမ္မိဇာတိ,သမ္ပယုတ္တာဓမ္မ, သင်္ခါရအားဖြင့် တူသည်သာလျှင်။ဟောတိ၊ ဖြစ်၏။တထေဝ၊ ထို့အတူ သာလျှင်။ ကေဝိသယဉ္စ၊ တူသောအာရုံရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (ဤကား ယောဇနာ၊ ဤပါဠိကို ထောက်၍ ဘုရား, ရဟန္တာတို့၏ စုတိစိတ်သည် တခုတည်းသောဘဝ၌ ပဋိသန္ဓေနှင့်တူသော အာရုံကိုသာလျှင် အာရုံပြုသည်ဟု ဆိုအပ်သည်။)

ရုပ်ဝိသေသ နာမ်ဝိသေသ အမတ နိဗ္ဗာန်

ထိုနိဗ္ဗာန်၌တည်နေသော နိဗ္ဗာန်သခင် ဘုရားရှင်ကိုလည်း ဖြည့်ကျင့်တော် မူအပ်သော ပါရမီတော်တို့၏၎င်း, ပစ္ဆိမဘဝ ဤအခါ၌ ရသိတော်မူအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့၏၎င်း အာနိသံသဖလ ဖြစ်သော ကံစသောအကြောင်းတရား လေးပါးတို့၏ ပြုပြင်စီရင်ခြင်းမှကင်းသော အမတ နာမ်ဝိသေသ,ရုပ်ဝိသေသအထူး ဟု မှတ်အပ်၏။

ကျမ်းဂန်တို့၌ကား နာမ်ဝိသေသ, ရုပ်ဝိသေသဟု နိတတ္ထတိုက်ရိုက်အားဖြင့် အထူးမဆို၊ မဆိုသော်လည်း ဤသို့သော နာမ်ဝိသေသ, ရုပ်ဝိသေသအထူးကို ယူမှု ဥစ္ဆေဒဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ, အကြိယဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, သဿတဒိဋ္ဌိ တို့မှ ကင်းလွတ်မည်၊ကင်းလွတ်ဟန်ကား-

(၁) ဤအရာ၌ နိဗ္ဗာန်လည်းမရှိ၊ ဘုရားလည်းမရှိဟု ဆိုသော် ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိသို့ သက်ဝင်ရသည်။

(၂) လောက၌ထင်ရှားရှိသော ဘုရားပင် နိဗ္ဗာန်၌ ဖြစ်၏ဟုဆိုသော် သဿတဒိဋ္ဌိသို့ သက်ဝင်ရသည်။

(၃) လောက၌ ဘုရားမရှိ၊ နိဗ္ဗာန်၌သာ ဌာဝရ ဘုရားတဆူတည်း အမြဲရှိသည်ဟု ယူသော် အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိသို့ သက်ဝင်ရသည်။

ဤဒိဋ္ဌိတို့မှကင်းလျှင် အမတ နာမ်ဝိသေသ, ရုပ်ဝိသေသ အထူးအနက်ထွက်၏ဟူ၍ မှတ်။ ။ဤကား သဘာဝ ယုတ္တိတည်း။

"အရိယပုဂ္ဂလာနံ ပတိဋ္ဌာန ဂေါစရ နိဝါသနဋ္ဌာန ဋ္ဌာန" ဟူသောပါဠိကို ထောက်သဖြင့်လည်း အဝိနာဘာဝနည်း အားဖြင့် နိဗ္ဗာန်တည်း ဟူသောဌာနနှင့် ဘုရားတည်း ဟူသော ဌာနီသည် မကင်းရာ မကင်း ထိုက်သောကြောင့် နိဗ္ဗာန်သခင် ဘုရားရှင်ကိုလည်း နာမ်ဝိသေသ, ရုပ်ဝိသေသ ဌာနီဟု သိအပ်၏။ ။ ဤကား အာဂမယုတ္တိတည်း။

ဤနာမ် ဝိသေသ, ရုပ်ဝိသေသ၏ အဖြစ်သည် ဆိုလတ္တံ့သော တိလောကစကြာမင်း၏ အပဒါန်ပါဠိ, အဋ္ဌကထာတို့ဖြင့်လည်း ထင်ရှားလတ္တံ့။

ပရမတ္ထ ၅-ပါးမဟုတ် ၄-ပါးပင်

အမတ နာမ်ဝိသေသ, ရုပ်ဝိသေသ အထူးဖြစ်၏ဟုဆိုရာ၌ "စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ" ဟူ၍သာလျှင် ပရမတ္ထတရား လေးပါးသာ ကျမ်းဂန်၌ဆိုသည်၊ ငါးပါးဟူ၍မဆို၊ ထိုဘုရားသည် နိဗ္ဗာန်၌ အမတနာမ်ဝိသေသ, ရုပ်ဝိသေသဟုဆိုသော် ပရမတ္ထတရား ငါးပါးဖြစ်ရာသည် မဟုတ်လောဟု ဆိုငြားအံ့၊ ငါးပါးမဟုတ်၊ နိဗ္ဗာန်၌ ဘုရားကိုရေတွက်၍ လေးပါးပင်ဟု ဆိုအပ်၏။

ပုံကား-ကမ္ဘာဦးကာလ၌ နေလတို့ပေါ်လာသောအခါ နတ်သားနှင့်တကွ ပေါ်လာသည်၊ ထိုသို့နတ်သားနှင့်တကွ ပေါ်လာသော်လည်း နတ်သားကိုအသီးအခြား မရေတွက် မူ၍ နေဗိမာန်, လဗိမာန်၌သွင်း၍ နေဗိမာန်, လဗိမာန် ပေါ်လာ သည်ဟု ခေါ်ဝေါ် သကဲ့သို့ နိဗ္ဗာန်သို့ ရောက်သော နာမ်ဝိသေသ, ရုပ်ဝိသေသဖြစ်သော ဘုရားကိုလည်း ပဋိသန္ဓေနေခြင်း စသည်မရှိသောကြောင့် နိဗ္ဗာန်၌သွင်း၍ နိဗ္ဗာန်ဟု ခေါ်ဝေါ်သည်၊ ဘုရားပျောက် တော့သည်သာဟု မမှတ်လင့်။ ရေဇာ အာဂစ္ဆတိကဲ့သို့ ပဋ္ဌာန်နည်း၊ အဝုတ္တသိဒ္ဓိနည်းဟု မှတ်၊ နိဗ္ဗာန်လည်း မပျောက်, ဘုရားလည်းမပျောက်၊ အမြဲပင်ရှိ၏ဟု မှတ်လေ။

နိဗ္ဗာန်၏ အစိန္တေယျဂုဏ်

ထိုဘုရားကို အရူပဘုံသားတို့ကဲ့သို့ ရုပ်မရှိ နာမ်ချည်းသာရှိ၏ ဟူ၍လည်း မမှတ်အပ်၊ အသညသတ်ဘုံ

သားတို့ကဲ့သို့ နာမ်မရှိ ရုပ်ချည်းသာ ရှိ၏ ဟူ၍လည်း မမှတ်အပ်၊ ထိုနိဗ္ဗာန်သို့ ရောက်သော ဘုရားသည် အလိုတော်ရှိတိုင်း ဖြစ်စေနိုင်၏ဟု မှတ်၊ ယင်းသို့ အလိုတော်ရှိတိုင်း ဖြစ်စေနိုင် ခြင်းသည် ဘုရား၏ အစိန္တေယျဂုဏ်တမျိုးပင် ဖြစ်၏၊ နိဗ္ဗာန်၏အစိန္တေယျ ဂုဏ်ဟူရာ၌ ရှင်ဗာကုလ၏ ငါးကြီးဝမ်းမှ မသေမကြေ ပေါ်လာရာ၌ရင်း၊ သံကိစ္စသာမဏေ၊ ရှင်ဒဗ္ဗတို့၏အမိ သေ၍ သင်္ဂြိုဟ်သောအခါ မီးပုံထဲ၌ အမိဝမ်းမှ မသေ မကြေ ပေါ်လာရာ၌ရင်း ထိုဘဝ၌ ဖြစ်လတ္တံ့သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်တို့၏ အစိန္တေယျ ဂုဏ် အာနုဘာဝ်ဟုမှတ်။

ပရိယတ္တိ၏ အစိန္တေယျဂုဏ်

နိဗ္ဗာန်၏ဂုဏ်ကို မဆိုထားဘိ၊ ပရိယတ္တိသည်လည်း အစိန္တေယျဂုဏ် ရှိသည်၊ ရှိကြောင်းကား– သင်္ဘော သူကြီး တယောက်သည် ဓောသာ၊ လောမာ စသော ဒွတ္တိံသကမ္မဋ္ဌာန်းကို နေ့တိုင်းမပြတ် သင်အံရွတ်ဖတ် သရဇ္ဈာယ်သည်၊ ထိုသင်္ဘောသူကြီးကို ခိုးသားတို့က သင်္ဘောထက်သို့တက်၍ သတ်အံ့ဟု တက်အံ့သော နေရာကို ရှာသည်ရှိသော် သင်္ဘောတစင်း လုံး၌ သံကွန်ချာအုပ်၍ ထားသကဲ့သို့ ထင်သည်၊ ယင်းသို့ ထင်ခြင်းကိုရင်း၊

မုဒ်ဆိုးတယောက်သည် သားအမဲတို့ကို ဆောင်၍ ရွာ၌ရောင်းချသောအခါ ရွာသားတို့သည် "ဗုဒ္ဓံ သရဏံ

ဂစ္ဆာမိ” စသည်ဖြင့် သရဏဂုမ်ရွတ်သံကိုရင်း ကြား နာရ၍ တရံရောအခါ တောအရပ်တွင် တခုသောချုံ အတွင်း၌ သားအမဲတို့ကို ပစ်အံ့ဟု မျှားကိုင်သည် ရှိသော် ချုံအထက်၌ နေသောနဂါး၏ ဗိုက်ကိုထိုးမိ သဖြင့် နဂါးက ဒေါသဖြစ်၍ မုဒ်ဆိုးကိုပေါက်သတ် အံ့သောအခြင်း အရာကို ပြုသည် ရှိသော် မုဒ်ဆိုးက အလန့်တကြား ရွာသူတို့ရွတ်သံကြားဘူးသော “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” ကိုရွတ်၍ နဂါးက ဤသူသည် ရတနာ သုံးပါးကို ဆည်းကပ်သောသူ တည်းဟု ထိတ်လန့် ကြည်ညို၍ ရတနာပန်းသုံးခိုင်ဖြင့် ပူဇော်သည်ကိုရင်း၊

လှည်းအောက်၌ အိပ်ပျော်သောသူငယ်ကို စားအံ့ ဟု ဘီလူးတယောက်က ခြေထောက်ကိုဆွဲသည်ရှိသော် “နမော ဗုဒ္ဓဿ” ဟု သူငယ်က ယောင်ယမ်း၍ ရွတ်သောကြောင့် ဘီလူးသည်ထိတ်လန့်၍ ထိုသူငယ် အား သာဝတ္ထိပြည် ပသေနဒီ ကောသလ မင်းကြီး စားအံ့ဟုပြုပြင်စီရင်ထားသော ရွှေခွက်နှင့် ထမင်းကို ဆောင်ယူ၍ သူငယ်၏အနီးအပါး၌ ချထားခဲ့သည်ကို ရင်း၊

ဘိက္ခုနီမတို့ မေ့ထားသော ဗုဒ္ဓရက္ခိတ မည် သော ကျေးငယ်တကောင်ကို စွန်ချီ၍သွားသော် ထို ကျေးသူငယ်က ရှင်မတို့....ကယ်ပါယူပါဟု ဟစ်အော် လေ၏၊ ငါတို့မကယ်နိုင်ပြီ၊ ငါတို့သင်ထားသော အဋ္ဌိ ကမ္မဋ္ဌာန်းကိုသာ ရွတ်ပါဟုဆိုသည်ဖြစ်၍ ကျေးသူငယ် က သတိရ၍ အဋ္ဌိအဋ္ဌိဟု ရွတ်သည်ရှိသော် သိန်းစွန်

သည် နှလုံးတုန်လှုပ်သည်ဖြစ်၍ လွတ်သောကြောင့် ချမ်းသာရသည်ကိုရင်း ပရိယတ္တိဓမ္မ၏ အစိန္တေယျဂုဏ်ဟု မှတ်။ ◆

အစိန္တေယျဂုဏ် ၄-ပါး

မြတ်စွာဘုရားသည်လောက၌ဖြစ်စဉ်ကာလကပင်-

ရူပ ရူပဝိလာသ ရူပအစိန္တေယျ၊

ဉာဏ ဉာဏဝိလာသ ဉာဏအစိန္တေယျ၊

ဣဒ္ဓိ ဣဒ္ဓိဝိလာသ ဣဒ္ဓိအစိန္တေယျ၊

ဝစန ဝစနဝိလာသ ဝစနအစိန္တေယျ၊

အားဖြင့်အစိန္တေယျဂုဏ်လေးပါးရှိသည်၊ နိဗ္ဗာန်သို့ရောက်သော အခါကား အတိုင်းထက် အလွန်ပင်ဂုဏ်ရှိ၏ဟုမှတ်၊ဤဂုဏ်လေးပါးသည်လည်း ဆိုလတ္တံ့သော စကြာမင်း အပဒါန်၌ ထင်ရှားလတ္တံ့၊

ထိုနိဗ္ဗာန်သခင် ဘုရားရှင်၌ ဂုဏ်မရှိဟု ဆိုခဲ့သော် နိဗ္ဗာန်သို့ကြွရောက်တော်မူသော ဘုရားအား ကိုးကွယ်မှီဝဲဆည်းကပ်ကြသောသူတို့အား သရဏဂုံ မတည်ရာ၊ “ဧဝံအစိန္တိယာဗုဒ္ဓါ” ဟု ဟောတော်မူအပ်သော ဒေသနာတော် သည်လည်း နိရတ္ထက ဖြစ်ခဲ့ ရာ၏၊ နိရတ္ထကဖြစ်ခဲ့သော် နိဗ္ဗာန်သို့ကြွတော်မူသော ဘုရားအား ကိုးကွယ် မှီဝဲ ဆည်းကပ်ကြသော သူတို့အား အစိန္တိတအကျိုး အဘယ်သို့ဖြစ်ပေါ့အံ့နည်းဟု မိစ္ဆာဉာဏ်ဖြစ်ရန်ရှိသည်၊ “အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော” ဟု ဟောတော်မူသော စကားတော်သည်လည်း နိရတ္ထက ဒေါသဖြစ်ခဲ့ရာ၏။

ဘုန်းကံရှိသူတို့သာမြင်ရသောနိဗ္ဗာန်

ထိုနိဗ္ဗာန်သခင် အရှင်ဖြစ်သော ဘုရားကို အမတနာမ် ဝိသေသ, ရုပ် ဝိသေသ ရှိ၍ ပုထုဇဉ် တို့သည် မမြင်နိုင်၊ အရိယာပုဂ္ဂိုလ်တို့ သည်သာလျှင် မြင်အပ် မြင်ထိုက် မြင်နိုင်သည်၊ ပုံကား—လူတို့၏အနီးအပါး၌ နေကုန်သော ဘုမ္မစိုး, ရုက္ခစိုးစသော နတ်တို့၏ကိုယ် သဏ္ဌာန်ကိုရင်း, ဘုံဗိမာန်ကိုရင်း မပြ မဖန်တည်းဘဲ မမြင်မသိနိုင်၊ပြဖန်တည်းမှ မြင်ရသိရဘိသကဲ့သို့ နိဗ္ဗာန် သခင် ဘုရားရှင်ကိုလည်း ဘုန်းကံ ရှိသော သူတို့က မြင်လိုသိလိုသည်ဟု တောင့်တမှ ဖန်တည်း၍ပြသဖြင့် မြင်ရသိရသည်၊ မြင်ရသိရကြောင်းကို–

တိလောကစကြာမင်း အထောက်သာဂေ

(၁) အတီတေ သဗ္ဗဗုဒ္ဓေ စ၊
သသံဃေ လောကနာယကေ။
ပကတိဝဏ္ဏရူပေန၊
နိမ္မိနိတွာ သသာဝကေ။ ။

(၂) တေန ဒွါရေန ပဝိသိတွာ၊
သဗ္ဗေ ဗုဒ္ဓါ သသာဂကာ။
သဗ္ဗသောဏ္ဏမယေ ပီဌေ၊
နိသိန္နာ အရိယမင်္ဂလာ။ ။

ဟူသော အပဒါန်ပါဠိတော် ၁၁်း ပေ ကာချပ်၌ လာသောပါဠိကို ထောက်၍ သိအပ်၏။

နိမ္မိတရုပ်ပွားဘုရားများ

အတီတေ၊ အတိတ်ကာလ၌။ ဇာတေ၊ ပွင့်တော်မူကုန်ပြီးသော။ သသံဃေ၊ သာဝကအပေါင်းနှင့်တကွကုန်သော။ လောကနာယကေ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူကုန်သော။ သဗ္ဗဗုဒ္ဓေ၊ အလုံးစုံသော ဘုရားတို့ကိုလည်း။ တိလောကာ၊ တိလောကစကြာမင်း၏။ မနောပဏိဓိယာ၊ မနောပဏိဓိဖြင့်။ ဟရိတတ္တာ၊ ပင့်ဆောင်အပ်ကုန်သည်၏အဖြစ်ကြောင့်၊ ပကတိဝဏ္ဏရူပေန၊ သဘောအားဖြင့် မရွေ့ ကြပတေ့ အမှန် မဖောက်ပြန်သောအဆင်းရှိသော သဏ္ဌာန်ဖြင့်။ သသာဝကေ၊ သာဝကပစ္စေကဗုဒ္ဓါနှင့်တကွကုန်သော။ ဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကိုလည်း။ ပကတိဝဏ္ဏရူပေန၊ သဘောအားဖြင့်မရွေ့ ကြပတေ့အမှန် မဖောက်ပြန်သော အဆင်းရှိသောသဏ္ဌာန်ဖြင့်။ ယေ ဗုဒ္ဓါ၊ အကြင် သမ္မာသမ္ဗုဒ္ဓ မှည့်ရထင်ရှား မြတ်ဘုရားတို့သည်ရင်း။ ယေစ ဗုဒ္ဓါ၊ အကြင် အကြင်ပစ္စေကဗုဒ္ဓါတို့သည်ရင်း၊ ယထာရဟံ၊ ထိုက်သည့် အားလျော်စွာ။ နိမ္မိနိတွာ၊ ဖန်တည်း၍။ ယေန ဒွါရေန၊ အကြင် တံခါးဖြင့်။ ပါသာဒေ၊ ပြာသာဒ်သို့။ ပဝိသိတဗ္ဗာ၊ ဝင်အပ်၏။ တေန ဒွါရေန၊ ထိုတံခါးဖြင့်။ ပဝိသိတွာ၊ ဝင်ကုန်၍။ အရိယမဏ္ဍလာ၊ အရိယာ အပေါင်းဖြစ်ကုန်သော။ သသာဝကာ၊ ပစ္စေကဗုဒ္ဓါ သာဝကနှင့်တကွ ဖြစ်ကုန်

သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဧတေ ဗုဒ္ဓါ၊ ထိုသမ္မာသမ္ဗုဒ္ဓဘုရား ပစ္စေကဗုဒ္ဓါဘုရားတို့သည်။ သဗ္ဗသောဏ္ဏမယေ၊ အလုံးစုံရွှေဖြင့်ပြီးသော။ ပီဌေ၊ အင်းပျဉ်၌။ နိသိန္နာ၊ နေကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ (ဤကား ပါဠိသေသနှင့်တကွယောဇနာ)

နိမ္မိတရုပ်ပွားဘုရားများကြွလာခြင်း

အဓိပ္ပါယ်ကား- ရှင်မဟာအာနန္ဒာက ဘုရားရှင်၏ ပါရမီဖြည့်သောအခြင်းအရာကို တောင်းပန် လျှောက်ထားသည်ရှိသော် အာနန္ဒာ....ငါဘုရားသည် တိလောက စကြာမင်း ဖြစ်စဉ်ကာလက လွန်လေပြီးသော ဘုရားပစ္စေကဗုဒ္ဓါတို့ကို ဖူးမြင်လိုသည်ဖြစ်၍ မနောပဏိဓိဖြင့် ထိုဘုရား ပစ္စေကဗုဒ္ဓါတို့၏ မွေလျော်စံပျော်ရာဖြစ်သော နိဗ္ဗာန်ပြည်ကြီးသည် ဤသို့ဤသို့သဘောရှိတန်ရာ၏ဟု အနုမာနဖြင့်သိမြင်၍ နိဗ္ဗာန်နှင့်တူသော အထူးထူးအသွယ်သွယ် ဆန်းကြယ်လှစွာ ရတနာဂူလိုဏ် အထွေထွေ ရွှေအင်းပျဉ်အဆန်းဆန်း အံ့မခန်းအောင် နန်းဆောင် အသီးသီးနှင့် ဟာကွ နေ လ နက္ခတ်တို့၏ အနီးသို့ရောက်အောင် မြင့်စေ၍ နေ လ နက္ခတ်တို့၏ အရောင်တပြောင်ပြောင်တောက်လောင်ခြင်းနှင့်တကွ နိဗ္ဗာန်ဘုံနန်းနှင့် တူသော ဝေဇယန္တာ နန်းပြာသာဒ်ကြီးကိုပြီးစေပြီးလျှင် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို တောင့်တာသည်ရှိသော် နိဗ္ဗာန်စံလွန်တော် မူပြီးသော ဘုရား ပစ္စေကဗုဒ္ဓါတို့သည် နိမ္မိတပွား ဘုရား ပစ္စေကဗုဒ္ဓါတို့ကို ဖန်တည်း၍ ကြွလာကြပြီးလျှင် မှဋ္ဌတံခါး

အသီးသီးမှဝင်၍ ဂုလိုဏ်အချက် ရွှေအင်းပျဉ်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စမ္ပါယ်နေကြကုန်၏ ဟူသော ပိဋကတ္တ အဓိပ္ပါယ်။

ဤပိဋကတ္တ၌ ဝေဇယန္တာဘုံနန်း အဆန်းဆန်း အကြယ်ကြယ် မနောပကာဓိဖြင့်ပြီးစေခြင်းသည် နိဗ္ဗာန်ဘုံနန်းကို ရည်သန်၍ ပြီးစေသည်ဟု မှတ်ယူရန်ရှိသည်။ အကြောင်းမှာ ထိုစကြာမင်း မျက်မှောက်လောက၌ ပစ္စေက ဗုဒ္ဓါ တို့သည် ထင်ရှား ရှိကုန်သည် ဖြစ်၍ ထိုပစ္စေကဗုဒ္ဓါတို့က နိဗ္ဗာန်ဘုံဗိမာန်ပုံသဏ္ဌာန် အခြင်းအရာဖြစ်ဟန် ဟောကြားသံကိုကြားနာရဘူးသတတ်။

ဤယောဇနာနည်း၌ နိမ္မိနိဘာ၏ ကဗ္ဗာကို ဘုရားနှင့်တကွ ပစ္စေကဗုဒ္ဓါတို့ကို ပါဌ်သေသထည့်၍ ယောဇနာခြင်းသည် အဋ္ဌကထာကို ထောက်၍ ယောဇနာအပ်သည်၊ ထောက်ဟန်ကား၊—

အပဒါန်အဋ္ဌကထာထောက်ထားချက်

ပုန တေ သဗ္ဗေ ကေတော ဒဿန္တော ဗုဒ္ဓါပစ္စေက ဗုဒ္ဓါတိအာဒိ မာဟ။ တတ္ထဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါစ သာဝကာစ သိဿာ ပရိစာရကာ နိဿိတကာ တေ သဗ္ဗေ သကာယ သကာယ ရတိယာဝယ မမနာ သလ္လိနာ မမပါသာဒေ အာဘိရမန္တီတိအတ္ထော။

[ဤကားအပဒါန်အဋ္ဌကထာပါဠ် ၁၀း ပေ ၄-ချပ်။]

ပုန၊ ထပန်။ တေ သဗ္ဗေ၊ ထိုအလုံးစုံကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာပုဂ္ဂိုလ်တို့ကို။ ဇောတော၊ တပေါင်းတည်း။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ ဗုဒ္ဓါပစ္စေကဗုဒ္ဓါတိအာဒိံ။ ဗုဒ္ဓါပစ္စေကဗုဒ္ဓါ-ဤသို့ အစရှိသောစကားကို။အာဟ၊ မိန့်ပြီ။ တတ္ထ၊ ထိုပါဌ်၌။ ဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓါ စ။သမ္မာသမ္ဗုဒ္ဓအမည်ရသောဘုရား ရှင်တို့သည်၎င်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့သည် ၎င်း။ သိဿာပရိစာရကာ နိဿိတကာ၊ တပည့်အခြံ အရံဖြစ်ကုန်သော။သာဝကာ စ၊ သာဝကတို့သည်၎င်း။ တေ သဗ္ဗေ၊ ထိုအလုံးစုံတို့သည်။ သကာယ သကာယ၊ မိမိ မိမိတို့နှင့် ထိုက်တန်ကုန်သော။ ရတိ ယာယ၊ မွေ့လျော် ပျော်ပါးဘွယ် ရှိသော။ မမနာ သလ္လိနာ၊ ငါ့ဖန်တည်း အပ်သော။ မမပါ သာဒေ၊ ငါ၏ ပြာသာဒ်၌။ အဘိရမန္တိ၊ မွေ့လျော်ကြကုန်၏။ ဣတိ အယံ၊ ဤသည်ကား။အတ္ထော၊အနက်တည်း။(ဤကား ယောဇနာ။)

ဤအဋ္ဌကထာ ပါဌ်၌ ဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓါ, ပစ္စေက ဗုဒ္ဓါ-ဟူသောစပုဒ်တို့ကို ထောက်၍၎င်း၊

ဗုဒ္ဓါပိ ဗုဒ္ဓေ ပုစ္ဆန္တိ၊
ဝိသယံ သဗ္ဗညုမာလယံ။
ဂမ္ဘီရံ နိပုဏံ ဌာနံ၊
ပညာယ ဝိနိဗုဇ္ဈရေ။ ။

[ဤကား အပဒါန် ပါဠိတော် ၁၁း ပေ ကာ ချပ်။]

ဗုဒ္ဓါပိ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း။ ဗုဒ္ဓေ၊ပစ္စေကဗုဒ္ဓါတို့ကို။ ဝိသယံသဗ္ဗညုမာလယံ၊ သဗ္ဗညုတဉာဏ်၏ အရာဖြစ်သော။ ပဥှံ၊ပြဿနာကို။ ပုစ္ဆန္တိ၊ မေးကုန်၏။ ဂမ္ဘီရံ၊အသိဉာဏ်၏ နက်နဲခြင်း,အနက်၏ နက်နဲခြင်းဟု ဆိုအပ်သော။ နိပုဏံ၊ သိမ်မွေ့နူးညံ့သော။ ဌာနံ၊ အကြောင်းကို။ ပညာယ၊ ပညာဖြင့်။ တေ၊ထိုဘုရားတို့သည်။ ဝိနိဗ္ဗေဌေရ-ဝိနိဗ္ဗေဌေန္တိ၊ သိမ့်စေတော် မူကုန်၏။ (ဤကား ယောဇနာ၊ဗုဒ္ဓါပိ၌ ပိသဒ္ဒါကား သမ္ပိဏ္ဍယတ္ထ၊ ဘုရားကိုလည်းဆည်း။)

အဓိပ္ပါယ်ကား-ဘုရားတို့ သည်လည်း ဘုရားတို့ကို သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သော အသိဉာဏ်၏နက်နဲခြင်း, အနက်၏နက်နဲခြင်း သိမ်မွေ့နူးညံ့သောပြဿနာကို မေးကုန်၏ဟူလို။

အဋ္ဌကထာရှင်းပြချက်

သဗ္ဗညုတ ဉာဏဿ ဝိသယံ အာရမ္မဏဘူတံ ပဉှံ ဗုဒ္ဓါ ဗုဒ္ဓေ ပုစ္ဆန္တီတိ အဓိပ္ပါယော။

[ဤကား အပဒါန်အဋ္ဌကထာပါဠ် ၁ဝ်း ပေ ၄-ချပ်။]

သဗ္ဗညုတ ဉာဏဿ၊ သဗ္ဗညုတ ဉာဏ်၏။ ဝိသယံ၊ အာရမ္မဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ ပဉှံ၊ ပြဿနာကို။ ဗုဒ္ဓါ၊ ဘုရားတို့သည်။ ဗုဒ္ဓေ၊ ဘုရားတို့ကို။ ပုစ္ဆန္တိ၊ မေးကုန်၏။ ဣတိ-အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အနက်တည်း။ (ဤကား ယောဇနာ)

ဤအဋ္ဌကထာ၌ သဗ္ဗညုတဉာဏဿ ဝိသယံ အာရမ္မဏဘူတံ-ဟု ဆိုသော်လည်း ပစ္စေကဗုဒ္ဓါတို့၌ ဂမ္ဘီရ

နိပုဏဖြစ်သော သဗ္ဗညုတဉာဏ်၏ အာရုံကို မယူလင့်၊ မနက်မတိမ် မသိမ်မွေ့ လွန်းသော အာရုံ ပြဿနာကိုသာ ယူ၊ အကြောင်းမှာ ပစ္စေက ဗုဒ္ဓါတို့၏ သဗ္ဗညုတဉာဏ်နှင့် မဆက်ဆံသည်၏ အဖြစ်ကြောင့်တည်း။

နိမ္မိတပွားကို ဖန်တည်း၏–ဟူရာ၌လည်း ဆအသာဓာရဏဉာဏ် ခြောက်ပါးရှိသော စိတ်သန္တာန်နှင့်တကွ ဘုရားရုပ်ပွား သန္တာန်ကို ဖန်တည်းသည်ဟု မယူလင့်၊ အကြောင်းမှာ ထိုဉာဏ်ခြောက်ပါးသည် ပစ္စေကဗုဒ္ဓါတို့နှင့် မဆက်ဆံခြင်း ကြောင့်တည်း၊ ပုံကား–မာရ်နတ်မင်း, နဂါးမင်းတို့သည် ဖန်တည်းအပ်သော စိတ်သန္တာန် သာမညနှင့် တကွ ရုပ်ပွား သန္တာန် သာမည် ကဲ့သို့မှတ်၊ ဘုရား ဘုရား ချင်းကို ရည်၍ ထိုစကားကို ဆိုသည်ဟုယူ၊ ဤသို့လာသော ပါဠိပါဌ်တို့၌ သမုစ္စယတ္ထ ပိသဒ္ဒါကို ထောက်၍ရင်း, သဗ္ဗညုတဉာဏဿ ဝိသယံ အာရမ္မဏဘူတံ–ဟူသော ပါဌ်ကို ထောက်၍ရင်း, ဘုရားတို့အား အစိန္တေယျဂုဏ် ရှိသည်၏အဖြစ်ကို ထောက်၍ရင်း ထိုစကြာမင်း၏ ပြာသာဒ် ဘုံဗိမာန်သို့ ပစ္စေကဗုဒ္ဓါသာမဟုတ်၊ ဘုရား တို့သည်း ဝင်လာရောက်လာ၏ဟု မှတ်အပ်သတည်း၊ထို့ကြောင့် နိမ္မိနိတွာ၏ကတ္တားကို သမ္မာသမ္ဗုဒ္ဓ ဘုရားနှင့် တကွ ပစ္စေကဗုဒ္ဓါကို မှတ်အပ်၏။

ဤသို့လာသည်ကိုထောက်၍ နိဗ္ဗာန်သို့ ကြွရောက်တော်မူပြီးသော ဘုရားတို့သည်လည်း တိလောကစကြာမင်းကဲ့သို့ ဘုန်းပါရမီ သီလ သမာဓိရှိကုန်သော

သူတို့က တောင့်တလျှင် ဤလောကသို့ ကိုယ်တိုင်ပင် ပေါ်ရောက်လာ၍ အံ့သည်မချွတ်၊ဤသို့လာရောက်ခြင်း သည်လည်း အစိန္တေယျဂုဏ်တမျိုး၊ နိဗ္ဗာန်မှ တပါး လောကဘုံသို့ မလာမရောက် ဆိုသည်ကား-ပဋိသန္ဓေ အားဖြင့်သာ မလာမရောက် သည်ကိုမှတ်။

သာသနာ့ပသရဏဂုံဆောက်တည်ပုံ

ထိုစကြဝဠာမင်း၏ ဘုရား,ပစ္စေကဗုဒ္ဓါတို့ကို ကိုးကွယ်ဆည်းကပ်ခြင်းကို သရဏဂုံမှတ်၊ စကြဝဠာမင်းကို ဆိုထားဘိ၊ တိရစ္ဆာန်ဖြစ်သော ဘုရားအလောင်း ရွှေဥဒေါင်းမင်း၏လည်း ရှေးဘုရားတို့ကို ရှိခိုး ကိုးကွယ်ခြင်းကိုရင်း, ဘုရားအလောင်း ငုံးမင်း၏လည်း ရှေးဘုရားတို့ကို အောက်မေ့ ဆောက်တည်ခြင်းကိုရင်း သရဏဂုံမပင်ဟုမှတ်၊ သာသနာပ၌ဘုရားထင်ရှား မရှိသော်လည်း တိလောကစကြဝဠာမင်း, ရွှေဥဒေါင်းမင်း, ငုံးမင်းတို့ကဲ့သို့ သိ၍ဆောက် တည်မှုကား သရဏဂုံ တည်သည်သာဟုမှတ်။

သရဏဂုံအကျဉ်းမှတ်ဖွယ်

သရဏဂုံသည်လည်း လောကီ သရဏဂုံ, လောကုတ္တရာသရဏဂုံဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် လောကီသရဏဂုံသည် ဒိဋ္ဌိအယူကို ယူခြင်း, သေခြင်း နှစ်ပါးတို့ကြောင့် ပျက်၏၊ လောကုတ္တရာသရဏဂုံမှာ အခါခပ်သိမ်း ပျက်သည်မရှိ၊ထို့ကြောင့်အနာဂတပိဋက,

ဝိသာခါ, စူဠရထ နတ်သား, မဟာရထ နတ်သား, အနေကဝဏ္ဏနတ်သား, သကြား, နာဂဒတ္တနတ်သားဟု ဆိုအပ်ကုန်သော ဘုံစဉ်စံ ခုနစ်ယောက်၊ ဝဋ္ဋနိဿိတ သောတာပန်တို့ သည်လည်း အကပ္ပါပါ ကြာသမျှ ကာလပတ်လုံး သရဏဂုံ ပျက်ခြင်းမရှိပြီ၊ အယုတ်အားဖြင့် အရှုပ်လေးဘုံ၌ ဖြစ်သော သောတာပန်, သကဒါဂါမ်တို့သည်လည်း သရဏဂုဏ်မပျက်ပြီ၊ သာသနာတော်တွင်း၌ပင် ဖြစ်သော်လည်း သရဏဂုံမ်ကို မသိမဆောက်တည် သောသူတို့မှာ သရဏဂုံမ်မရှိ၊ သူငယ်ကလေးပင်ဖြစ်သော်လည်း မိဘတို့၏ဒိဋ္ဌာနုဂတိ သို့လိုက်၍ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု ဆို၍ ဆောက်တည်လျှင် ဉာဏဝိပ္ပယုတ်သရဏဂုံမ်ဖြစ်၏ဟု အမြဲမှတ်။ ။ ဤကား နိဗ္ဗာန်နှင့် စပ်လျဉ်း၍ သရဏဂုံမ်ကို အကျဉ်းမှတ်ဖွယ်ဆိုလိုက်သည်။

နိဂုမ်းပတ္ထနာ

(၁) လေခမာနံ ခိ မာရမ္ဘ၊
ရတ္တိယံ ဒက္ခိဏေ ဘာဂေ။
သုပိနေ ပဿမုပါဟံ၊
စန္ဒမင်္ဂလသုတ္တန္တိ။ ။

(၂) ဝုတ္တံ ဟောတံ၊
ဝါစာတန္တိ။
တာညေပေယျုံ။
သောတ္ထိ သတ္တာ။ ။

(၃) ကပ္ပံ တိဋ္ဌတု မေ အာယု၊
တေသံ တဒါ နုဘာဝေန။
ဓောနသစ္စဝစ္စေန၊
ကောဏ္ဍနေ သုခံ ခေမံ။ ။

[ပ-ကား ဝဏ္ဏဂါထာ ၄-ပါဒ၊ ဒု-ကား ကနျ ဂါထာ ၄-လုံးပွဲ့၊တ-ကား ဝတ္တဂါထာ။]

ဣမံ၊ ဤစာတန်းကို။ ယေခမာနံ၊ ရေစဉ်။ ရတ္တိယံ၊ ညဥ့်အခါ၌။ ဒုက္ခိကောဘာဂေ၊ ဆောင်မျက်နှာအဘို ဖြစ်သော။ ခေ၊ ကောင်းကင်အလယ်၌။ စန္ဒမဏ္ဍလံ၊ လပြည့်ဝန်း ကိုရင်း။ ဣတိ-ဣမသ္မာ၊ ဤလဝန်းမှ။ ဥပေ၊အောက်အနီး၌။သုက္ကံ၊ သောက်ရှူးကြယ်ကိုရင်း။ သုပိနေ၊ ဣမ္မက်၌။ အဟံ၊ ငါသည်။ ပဿံ၊ မြင်မက်၏။ တေ၊ ဤအကြောင်းကို။ အာရမ္ဘ၊ အကြောင်းပြု၍။ ဟိ-တံဝါစာတန္တိ၊ ထိုစာတန်းကို။ စန္ဒမဏ္ဍလသုက္ကန္တိ၊ စန္ဒမဏ္ဍလ သုက္ကစာတန်းဟူ၍။ ဝါ၊ လဝန်း သဖွယ် သောက်ရှူးကြယ်နှင့် တူသော စာတန်းဟူ၍။ ဝုတ္တံ၊ ပြုတ္တုမလွတ်၊မချွတ်ဆိုအပ်၏။

ကောဏ္ဍနေ၊ စင်စစ်အားဖြင့်။ ခေမံ၊ ဘေးမရှိမှန်၊ နိဗ္ဗာန် ပြည်ကြီးသည်။ သုခံ၊ ချမ်းသာ၏။ ဓောန သစ္စဝစ္စေန၊ ဤဆစ္စာ စကားကြောင့်ရင်း။ တေသံ၊ ထိုနိဗ္ဗာန်, ဘုရား, သာဝကတို့၏။ တဒါနုဘာဝေန၊ ထိုအံ့ခြီး၍ မကုန် အစိန္တေယျဂုဏ်တို့၏ အာနုဘာဝ် ကြောင့်ရင်း။ မေ၊ ငါ၏။ အာယု၊ အသက်သည်။ ကပ္ပံ၊ အနှစ်တရာ ရှည်ကြာသမျှ အာယုကာပ် ပတ်လုံး။

တိဌတု၊ တည်စေသတည်း။ အညော၊ စန္ဒမဏ္ဍလသုတ္တ စာတန်း အခန်းခန်းကို ကြိုးပမ်းကုတ်သေး ရေးသော ငါမှ တပါးကုန်သော၊ သတ္တာပိ၊ သတ္တဝါ တို့သည် လည်း။ တံ-တေနအာနုဘာဝေန၊ ထိုနိဗ္ဗာန်, ဘုရား, သာဝက် တို့၏အစိမ်ဈေ့ယျမျိုးဘုန်းတန်ခိုး အာနုဘော် ကြောင့်။ သောတ္ထိ၊ ချမ်းသာခြင်းသို့။ ယျော၊ ရောက် စေကုန်သတည်း။ (ဤကား ယောဇနာ။)

[စန္ဒမဏ္ဍလသုတ္တန္တိ-ပုဒ်သည်ပဒတ္ထတချက်, အာကာရတ္ထ တချက်၊ နှစ်ချက်သင့် ဘိန္နသတ္တိနည်း။ ဒုတိယဂါထာ ၄-ပါဒ တွင် ဟိကား သမ္ဗန္ဓမ်ဝါစက၊ တညောကို တံ+အညောပုဒ်ဖြတ်၊ တံသည် နိပါတဝါစက၊ အာနုဘာဝေနကိုစွဲ။]

၁၂၆၃ ခုအလွန်၊ ၄-ခုနှစ်အတွင်း၊ သီတင်းကျွတ် လပြည့်ကျော် ၁၀-ရက်၊ ၄-ဟူး နေ့၌ စန္ဒမဏ္ဍလသုတ္တစာတန်း အခန်းပြည့်စုံပြီ။

မဂ်ဖိုလ်ဝင်လမ်း

ဝိပဿနာ ကျမ်းများ

* ဝိသုဒ္ဓိမဂ်အရသာ	၆-ကျပ် ၅၀
* ဝိပဿနာဒီပနီ	၁-ကျပ် ၅၀
* ဝိပဿနာ ၆-စောင်တွဲ	၃-ကျပ်
* ဝိမုတ္တိရသကျမ်း	၂-ကျပ်
* သတိပဋ္ဌာနအရသာ	၁-ကျပ် ၅၀
* သင်္ခါရဘာဇနီ	၂-ကျပ်
* အာနာပါန ဒီပနီ (၃-ကျမ်းတွဲ)	၃-ကျပ်
* ပဋိစ္စသမုပ္ပါဒ်ဒီပနီ	၂-ကျပ် ၅၀

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

ဖုံး-၁၀၁၀၅

နိဗ္ဗာန်သွားလမ်း

ကမ္မဋ္ဌာန်းကျမ်းများ

* ကမ္မဋ္ဌာနဒီပနီ	၂-ကျပ်	
* ကမ္မဋ္ဌာန်းကျမ်းကြီး	၅-ကျပ်	၅၀
* အနတ္တဒီပနီ	၃-ကျပ်	
* ကာယာနုပဿနာကျမ်း	၅-ကျပ်	
* နိဗ္ဗာနဒီပနီ	၂-ကျပ်	
* နိဗ္ဗာနမဂ္ဂဒီပနီ	၂-ကျပ်	၅၀
* ပါရမီဒီပနီ	၂-ကျပ်	၅၀
* ဗောဓိပက္ခိယဒီပနီ	၂-ကျပ်	
* ဘာဝနာဒီပနီ	၃-ကျပ်	၅၀
* မဂ္ဂင်ဒီပနီ	၁-ကျပ်	

ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း
ရန်ကုန်မြို့။

ဖုန်း-၁၀၁၀၅

ဟံသာဝတီ စာအုပ်တိုက်
၁၅၇·ဗိုလ်အောင်ကျော်လမ်း· ရန်ကုန်မြို့

တအုပ် ၂·ကျပ်၊

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၅၅၇၀)